ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၄ ရက်၊ အင်္ဂါနေ့၊ (15-6-2010) (၆၄၃၀)

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်
# မကွေးတိုင်းအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် တည်ဆောက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော်  ဇွန်  ၁၄

**မန္တလေးတိုင်း ညောင်ဦးမြို့၌ ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ လိုက်ပါလျက် ဇွန် ၁၂ ရက် နံနက် ၇ နာရီ ၁၅ မိနစ်တွင် မကွေးတိုင်း မကွေးခရိုင် ချောက်မြို့နယ်ရှိ သစ်တောရေးရာဝန်ကြီးဌာန အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ရွှေပုံတောင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းသို့ ရောက်ရှိကြသည်။**

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ချောက်မြို့နယ် ဓာတ်မြေကျေးရွာအုပ်စုရှိ တောင်သူများအား တွေ့ဆုံမှာကြားစဉ် (အပေါ်ပုံ)နှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း အဆင့်မြင့် ကြွေသီးစက်ရုံ(ချောက်)၌ ကြွေသီးများ ထုတ်လုပ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (အောက်ပုံ) (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ရှင်းလင်းဆောင်တွင် ပြသထားသည့် လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစစ်ဆေးရာ သစ်တောဦးစီးဌာန ခေတ္တ ညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်က လိုက်လံရှင်းလင်းပြသပြီး ရွှေပုံတောင် စိမ်းလန်းစိုပြည်ရေးအတွက် ၂၀၀၀-၂၀၀၁ ခုနှစ်မှ စ၍ တမာပင်သီးသန့်စိုက်ခင်းများ၊ တမာနှင့် အခြားသစ်မျိုးစုံစိုက်ခင်းများ တည်ထောင်စိုက်ပျိုးခဲ့မှု၊ ရှင်သန်မှုနည်းပါးသော အချို့နေရာများတွင် ဖြည့်စွက်စိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် ဆက်လက် စိုက်ပျိုးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသနှင့်ကိုက်ညီပြီး ဖြစ်ထွန်းအောင်မြင်နိုင်သည့်အပင်များ စိုက်ပျိုးသွားရန်နှင့် စိုက်ပျိုးနိုင်သည့်အချိန်တွင် စီမံချက်များနှင့်အညီ တိုးချဲ့စိုက်ပျိုးသွားရန်၊ အောင်မြင်ဖြစ်ထွန်းနေသည့်

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❁




**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄)ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

- နိုင်ငံတော်အနေဖြင့် စက်မှုကုန်ထုတ်လုပ်ငန်းများကို အားပေး ပံ့ပိုးကူညီလျက်ရှိ။
- လုပ်ငန်းရှင်များ၏ လိုအပ်ချက်များနှင့် နိုင်ငံတော်က ကူညီဖြည့်ဆည်းပေးရမည့် ကိစ္စများကို စီစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်။
- စက်မှုလုပ်ငန်းများ အောင်မြင်စွာလုပ်ကိုင်နိုင်ရေး၊ ပြည်တွင်း၌သာမက ပြည်ပနှင့်ပါ ချိတ်ဆက်၍ လုပ်ငန်းတိုးချဲ့မြှင့်တင်နိုင်ရေးတို့အတွက် ကြိုးစားဆောင်ရွက်သွားရန် လိုအပ်။

၁၅-၆-၂၀၁၀
(အင်္ဂါနေ့)

# ဧရာဝတီအနောက်ခြမ်း ဖွံ့ဖြိုးရေးဦးတည် ရထားလမ်းကွန်ရက်များ ဖောက်လုပ်ဝေစည်

ဧရာဝတီမြစ်အနောက်ဘက်ခြမ်းဒေသများတွင် စိုက်ပျိုးနိုင်သော မြေများကျယ်ပြန့်စွာရှိသည်။ ဆီထွက်သီးနှံ၊ ပဲအမျိုးမျိုးနှင့် သီးနှံစုံထွက်ကုန်များပြားသည်။ ယခင်ကာလများက လမ်းပန်းဆက်သွယ်မှု အခက်အခဲကြောင့် ကူးသန်းဆက်သွယ်တင်ပို့ရောင်းဝယ်မှု နှောင့်နှေးကြန့်ကြာသည်။ ဒေသဖွံ့ဖြိုးမှု အားနည်းခဲ့သည်။

ယနေ့ကာလတွင် ဧရာဝတီမြစ်အနောက်ဘက်ခြမ်းနှင့် အရှေ့ဘက်ခြမ်းတို့ကို ဆက်သွယ်ထားသည့် ဧရာဝတီမြစ်ကူးတံတားကြီးများ တည်ဆောက်ပေးနိုင်ပြီ။ ပုသိမ်-မုံရွာကားလမ်းမကြီးကို ဖောက်လုပ်ပေးခဲ့ပြီ။ ရထားလမ်းသစ်ကွန်ရက်များလည်း တိုးချဲ့ဖောက်လုပ်ပေးလျက်ရှိရာ ဧရာဝတီမြစ်အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းဒေသများ အလွယ်တကူ ဆက်သွယ်သွားလာနိုင်ကြပြီ။ ကုန်စည်ပို့ဆောင်ရောင်းဝယ်မှုများ ဖွံ့ဖြိုးတိုးတက်လျက်ရှိနေပြီ။

နိုင်ငံတော်အစိုးရက ပြည်ထောင်စုတစ်ဝန်း နယ်မြေဒေသတစ်ခုနှင့်တစ်ခု လွယ်ကူချောမွေ့စွာ သွားလာနိုင်စေရေး လမ်းပန်းဆက်သွယ်ရေးကွန်ရက်များကို တိုးချဲ့တည်ဆောက်နေသည်။ ကုန်သွယ်စီးပွားဖွံ့ဖြိုးမှုအထောက်အကူပြု ရထားလမ်းကွန်ရက်များ တိုးချဲ့ဖောက်လုပ်လျက်ရှိရာ မိုင် ၃၂၀ရှည်သည့် ကြံခင်း-ပခုက္ကူရထားလမ်းသည် တစ်ခုအပါအဝင်ဖြစ်သည်။

ကြံခင်း-ပခုက္ကူရထားလမ်းသည် ဧရာဝတီမြစ်အနောက်ဘက်ခြမ်းရှိ ဒေသခံပြည်သူများအတွက် အရေးပါသော ဆက်သွယ်ရေးလမ်းကြောင်းတစ်ခုဖြစ်သည်။ ယခုအခါ ကြံခင်း-ဥသျှစ်ပင်လမ်းပိုင်း၊ ဥသျှစ်ပင်-ကံမလမ်းပိုင်း၊ ကံမ-သရက်လမ်းပိုင်း၊ သရက်-မင်းလှလမ်းပိုင်း၊ ပခုက္ကူ-ကျွန်းချောင်းလမ်းပိုင်းတို့ကို ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ဒေသခံပြည်သူများ လွယ်ကူစွာသွားလာနိုင်ကြပြီဖြစ်သည်။

ယခုတစ်ဖန် ပွင့်ဖြူ-ပခုက္ကူအပိုင်းမှ ဆိပ်ဖြူ-ယောချောင်းရထားလမ်းပိုင်းကို ဇွန် ၁၂ရက်က ထပ်မံဖွင့်လှစ်လိုက်သည်။ အဆိုပါ ရထားလမ်းပိုင်းသည် ၂၂မိုင်ရှည်ပြီး လမ်းတစ်လျှောက်၌ ဘူတာခြောက်ဘူတာ တည်ဆောက်ပေးထားရာ ဒေသခံပြည်သူများ ရထားဖြင့် ခရီးသွားလာကုန်စည်ပို့ဆောင်နိုင်ကြပြီဖြစ်သည်။

ရထားပို့ဆောင်ရေးလုပ်ငန်းသည် ခရီးသည်နှင့် ကုန်စည်များကို အချိန်တိုအတွင်း များပြားစွာသယ်ယူပို့ဆောင်ပေးနိုင်သည်။ ကြံခင်း-ပခုက္ကူရထားလမ်းကြီး ဖောက်လုပ်ပြီးစီးပါက မူလကရှိပြီး ရထားလမ်းများနှင့် ချိတ်ဆက်ပြီး ပုသိမ်မှကလေး၊ ပခုက္ကူမှ မန္တလေး၊ မုံရွာ၊ ရွှေဘိုမှသည် မြစ်ကြီးနားအထိ သွားလာနိုင်ပေတော့မည်။ အထူးသဖြင့် ဧရာဝတီအနောက်ဘက်ခြမ်း ဒေသနေပြည်သူများ ဆက်သွယ်သွားလာမှု ပိုမိုလွယ်ကူလာမည်။ ဒေသထွက်ကုန် ရောင်းဝယ်တင်ပို့မှုများ မြန်ဆန်သွက်လက် ဖွံ့ဖြိုးတိုးတက်ဝေစည်နေမည် ဖြစ်ပါသည်။ ။

## အထူးအယူခံခုံရုံး နေပြည်တော်၌ ရုံးထိုင်ကြားနာ

**နေပြည်တော် ဇွန် ၁၄**

တရားရုံးချုပ်(မန္တလေး)မှ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တရားရုံးချုပ်(မန္တလေး)မှ တရားရုံးချုပ်တရားသူကြီးများ ဖြစ်ကြသော ဦးစန်းတင့်ရီနှင့် ဦးကျော်ဝင်းတို့ပါဝင်သော အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၁၀ နာရီတွင် တရားရုံးချုပ် (နေပြည်တော်) တရားခွင် အမှတ်(၁)၌ ရုံးထိုင်၍ ၂၀၀၀ ပြည့်နှစ်တရားစီရင်ရေး ဥပဒေပုဒ်မ(၇) အရ တင်သွင်းသည့် တရားမအထူးအယူခံမှု (၅)မှုကို ကြားနာကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် (၄၄)လမ်းနေ ဦးတင်ဦး-ဒေါ်စန်းကြင်၊ သား ကိုမိုးကျော်ဦးနှင့် မောင်နှမတစ်စုတို့က လေးထပ်ဘိုးဘွားဆောင်သစ်၊ ဆေးပဒေသာပင်နှင့် ဆွမ်းပဒေသာပင်အတွက် ငွေကျပ် သုံးသိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးညီညီလွင်ထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ တောင်ဥက္ကလာပမြို့နယ် မီးသတ်စခန်းတွင် မီးသတ်စခန်းနှင့် ဝန်ထမ်းနေအိမ်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မီးသတ်)

## ရန်ကုန်တိုင်းအတွင်းရှိ မီးသတ်စခန်းများ ဝန်ကြီး ဦးမောင်မောင်ဆွေ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇွန် ၁၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေသည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်း တာမွေမြို့နယ် မီးသတ်စခန်း၌ကျင်းပသည့် ငါးယူနစ် နှစ်ထပ်မီးသတ်စခန်းသစ်ဆောက်လုပ်ခြင်း ပန္နက်တင်အခမ်းအနားသို့ တက်ရောက်၍ ပန္နက်တင်သည်။

ထို့နောက် တောင်ဥက္ကလာပမြို့နယ် မီးသတ်စခန်းသို့ရောက်ရှိပြီး အသစ်ဆောက်လုပ်လျက်ရှိသော ငါးယူနစ် မီးသတ်စခန်းနှင့် ခြောက်ခန်းတွဲ ဝန်ထမ်းနေအိမ်တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ပြည်မြို့နယ်ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းသင်တန်းဖွင့်ပွဲကျင်းပ

**ပြည် ဇွန် ၁၄**

ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ခရိုင် ပြည်မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ကြီးမှူးကျင်းပသော ရပ်ကွက်နှင့်ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများအား ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၁ရက် နံနက် ၈နာရီက ပြည်မြို့နယ် သီရိခေတ္တရာ ရတနာမြို့တော်ခန်းမ၌ ကျင်းပရာ ခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးချစ်လှက အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအောင်မြင့်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သင်တန်းအစီအစဉ်များကို ရှင်းလင်းဆွေးနွေးပြီး ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ဆောင်ရွက်ရန်လုပ်ငန်းများ၊ မဲရုံနမူနာများဖြင့် လက်တွေ့သရုပ်ပြ ရှင်းလင်းပို့ချကြသည်။

### တက်ရောက်

အဆိုပါသင်တန်းကို ဇွန် ၁၁ရက်မှ ၁၃ရက်အထိ ဖွင့်လှစ်ပို့ချရာ စုစုပေါင်း ၇၅၅ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(မြို့နယ်ပြန်/ဆက်)

## ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း အစီအစဉ် ကြီးကြပ်မှုကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၁၄**

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း အစီအစဉ် ကြီးကြပ်မှုကော်မတီအစည်းအဝေးကို ဇွန် ၁၀ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းအစီအစဉ် ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာမြင့်သိန်းနှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr. Shin Imai တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် အမျိုးသားအစီအစဉ် ညှိနှိုင်းရေးမှူး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာကျော်ဆန်းနှင့် အကြီးတန်းပညာရပ်ဆိုင်ရာ အကြံပေးပုဂ္ဂိုလ် Dr. Murray Maclean တို့က မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် စပ်လျဉ်း၍ ကြက်ငှက်နှင့် ကြက်ငှက်ထွက်ပစ္စည်း ဈေးကွက်ကွင်းဆက်လေ့လာခြင်း၊ ကြက်ငှက်တုပ်ကွေးရောဂါ ဘေးအန္တရာယ်အကဲဖြတ်ခြင်း၊ တိရစ္ဆာန်ရောဂါ ရှာဖွေရေးဓာတ်ခွဲခန်းများ၏ စွမ်းရည်မြှင့်တင်ခြင်း၊ ပြည်နယ်/တိုင်းများတွင် ဘဲသွေးရည်ကြည် စူးစမ်းလေ့လာခြင်း၊ မွေးမြူရေးဇုန်များတွင် ဇီဝလုံခြုံမှုမြှင့်တင်ခြင်းနှင့် ပြည်သူလူထု အသိပညာပေးခြင်း လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ရှေ့လုပ်ငန်းစဉ်များကို တင်ပြကြသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် ရန်ကုန် တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းမှ သုတေသနအရာရှိ ဒေါက်တာမင်းသိမ်းမော်က ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရန်ကုန်မြို့၌ ဖြစ်ပွားခဲ့သော ကြက်ငှက်တုပ်ကွေးဆိုင်ရာ ဗိုင်းရပ်စ်၏ မျိုးဆက်စဉ်နှင့် မော်လီကျူးဆိုင်ရာ ထူးခြားသည့် သွင်ပြင်လက္ခဏာများ (Phylogenetic and molecular characterization of recent 2010 Yangon H5N1 isolate) ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ကြီးကြပ်မှုကော်မတီဝင်များနှင့် တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၁၅-၆-၂၀၁၀ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၂၀ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၄း၃၅ ၅။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၁၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၅း၂၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅း၃၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆း၃၀ ၁၃။ အောင်မြင်ခြင်းလမ်းမ
- ၆း၄၀ ၁၄။ အကြင်နာလက်တစ်စုံ
- ၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -ရင်နှစ်သည်းချာ (အပိုင်း-၃၈)**
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ နိုင်ငံတကာသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ မွေးမြူသုတ
- ၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ** (Live) **-အိုင်ဗရီကို့စ် နှင့် ပေါ်တူဂီ**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

**၁၆-၆-၂၀၁၀ ရက်နေ့ (ဗုဒ္ဓဟူးနေ့)**

- ၁း၀၀ ၁။ **၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ (Live) -ဘရာဇီးနှင့် မြောက်ကိုရီးယား**

ဇွန် ၆ရက် ည ၇နာရီက တာမွေမြို့နယ် ပျားရည်ကုန်းရပ်ကွက် အောင်ဓမ္မာရုံ၌ စာရေးကိရိယာနှင့် ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲတွင် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောသိန်း ကျောင်းသူတစ်ဦးအား စာရေးကိရိယာပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။ (ကြေးမုံ)

# CITY GOLF RESORT HOTEL ဖွင့်ပွဲ အခမ်းအနား ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ချီးမြှင့်

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ City Golf Resort Hotel ကမ္ဗည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၁၄

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ဇွန် ၁၃ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် သီရိမင်္ဂလာလမ်းရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (အဆောက်အအုံ)က တည်ဆောက်ပြီးစီးသွားသည့် CITY GOLF RESORT HOTEL ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။**

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ CITY GOLF RESORT HOTEL မှ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက CITY GOLF RESORT HOTEL ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက CITY GOLF RESORT HOTEL ကမ္ဗည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာဖြင့် ပက်ဖျန်းပေးကာ ဟိုတယ်အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ မန္တလေး တိုင်း၊ ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် လုပ်ငန်းညှိနှိုင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး မန္တလေးတိုင်းအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၁၄

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်းအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် ဇွန် ၁၂ ရက် နံနက် ၁၀ နာရီခွဲတွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပသည်။**

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသော ဦးမြင့်နိုင်နှင့် ဒေါက်တာ မောင်ထူး၊ မန္တလေးတိုင်းကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်ထွန်း၊ အတွင်းရေးမှူး ဦးတင်ဦးနှင့် အဖွဲ့ခွဲဝင်များ၊ တိုင်းအတွင်းရှိ မန္တလေးခရိုင်၊ ပြင်ဦးလွင်ခရိုင်၊ ကျောက်ဆည်ခရိုင်၊ မြင်းခြံခရိုင်၊ ညောင်ဦးခရိုင်၊ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်နှင့် နေပြည်တော်ခရိုင်တို့မှ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် အဖွဲ့ခွဲဝင်များ၊ မန္တလေးခရိုင်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့မှ မြို့နယ်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ တက်ရောက်ကြသည်။ ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်း ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်ထွန်းက တိုင်းအတွင်း ခရိုင်အလိုက် ရွေးကောက်ပွဲဆိုင်ရာ သင်တန်းများဖွင့်လှစ်မှု၊ ကြီးကြပ်ဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ခရိုင်ရှစ်ခရိုင်တို့မှ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများက ခရိုင်အလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်(မန္တလေးတိုင်း တာဝန်ခံ) ဦးမြင့်နိုင်က လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက ပြန်လည်ရှင်းလင်းပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်း ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ခွဲဝင်များ လိုက်ပါလျက် မန္တလေး ပညာရေးကောလိပ်ခန်းမတွင် ရပ်ကွက်နှင့် ကျေးရွာကော်မရှင် အဖွဲ့ခွဲဝင်များအား ပို့ချလျက်ရှိသည့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မိုးရာသီအထူးဈေးရောင်းပွဲတော် ကျင်းပမည်

ရန်ကုန် ဇွန် ၁၄

Concordia International Co., Ltd. နှင့် Fortune International Limited တို့ ပူးပေါင်းကျင်းပသည့် မိုးရာသီ အထူးဈေးရောင်းပွဲတော်ကို ဇွန် ၁၆ ရက်မှ ၁၉ ရက်ထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ Central Hotel ၌ ကျင်းပသွားမည်ဖြစ်သည်။

ဈေးရောင်းပွဲတော်တွင် Concordia International Co., Ltd. မှ Fuji Xerox အမှတ်တံဆိပ် ရုံးလုပ်ငန်းသုံး ကာလာလေဆာ Copier၊ Printer၊ Scanner၊ Fax များ၊ A0 Size Plotter များ၊ ကျန်းမာရေးအထောက်အကူပြု ဆေးရုံလုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ သွေးချိုတိုင်းကိရိယာ၊ သွေးပေါင်ချိန်တိုင်းစက်များ၊ Oxygen Concentrator၊ Patient Monitor များ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး မြေတိုင်းပစ္စည်းများဖြစ်သောTopcon အမှတ်တံဆိပ် RTK နည်းပညာသုံး Differential GPS များ၊ Total Station များ၊ Digital Theodolite များ၊ Auto level များ၊Garmin အမှတ်တံဆိပ် ကုန်းကြောင်း၊ လေကြောင်း၊ ရေကြောင်းသုံး GPS များ၊ Ohaus အမှတ်တံဆိပ် ဒစ်ဂျစ်တယ် ချိန်ခွင်များ၊ ELE အမှတ်တံဆိပ် မြေကြီးနှင့် Concrete အရည်အသွေးစမ်းသပ်သည့် စက်များနှင့် Fortune International Co., Ltd. မှ Korea နိုင်ငံလုပ် SIGMA အမှတ်တံဆိပ် ဓာတ်လှေကား၊ စက်လှေကားများ၊ ဆေးနှင့်ဆေးပစ္စည်းဖြစ်သော အသည်းဆေး၊ အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေး၊ (Livovax-B)၊ Cycloferon နှင့် Reamberin၊ Albumin တယ်လီဖုန်းလိုင်းခွဲ အိတ်ချိန်းများ၊ လက်ကိုင်ဖုန်းများ၊ GSM Access Kit များ၊ မွေးမြူရေးဆေးဝါးနှင့် အစားအစာများ၊ ပိုးသတ်ဆေးများနှင့် မြန်မာဘာသာဖြင့် အသုံးပြုနိုင်သည့် ရေလုပ်ငန်းသုံး ကိုရီးယားနိုင်ငံမှ Samyung Navigation & Communication ပစ္စည်းများကို ခင်းကျင်းပြသ ရောင်းချသွားမည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက Concordia International Co., Ltd. ရန်ကုန် သုံးလွှာနှင့် ငါးလွှာ ရွှေဂုံပလာဇာ ဗဟန်းမြို့နယ် ဖုန်း-၀၉-၅၀၀၅၉၁၂၊ ၀၁-၇၃၀၀၉၂၂၃၊ ၅၄၄၁၉၉၊ မန္တလေးမြို့ အမှတ်(၅) မြေညီထပ် SY အဆောက်အအုံ၊ လမ်း(၃၀)၊ (၇၇)လမ်းနှင့် (၇၈)လမ်းကြား ချမ်းအေးသာစံမြို့နယ် ဖုန်း-၀၉-၅၀၆၇၁၇၂၊ ၀၂-၉၁၀၀၁၉၈၃၊ ၀၂-၃၆၄၇၈၊ နေပြည်တော် အမှတ်(၁၄၄) သီရိရတနာအဆင့်မြင့်ဈေး ဖုန်း-၀၆၇-၄၂၀၈၁၉၊ ၄၂၁၃၆၂၊ Fortune International Co., Ltd. ရန်ကုန်မြို့တွင် No.(11/12), Bahosi Complex, Lanmadaw Township ဖုန်း-၀၁-၂၁၁၃၉၂-၄၊ မန္တလေးမြို့တွင် Great Wall Plaza, Room T4-T5, Coner of 31st & 78st Street, Chan Aye Thar San ဖုန်း-၀၂-၃၉၆၃၁-၃၂၊ နေပြည်တော်တွင် အမှတ်(၁၃၉) သီရိရတနာအဆင့်မြင့်ဈေး ဖုန်း-၀၆၇-၄၂၁၁၈၃၊ ၀၆၇-၄၂၁၁၈၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ချောက်မြို့နယ်အသင်း(ရန်ကုန်) ဒုတိယအကြိမ် စုပေါင်းလှူဒါန်းပွဲ

ရန်ကုန် ဇွန် ၁၄

ချောက်မြို့နယ်အသင်း(ရန်ကုန်)၏ ဒုတိယအကြိမ်စုပေါင်းလှူဒါန်းပွဲကို (၁၃၇၂ခု၊ ပထမဝါဆိုလပြည့်) ဇွန် ၂၆ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်းရှိ မင်္ဂလသိဒ္ဓိကျောင်း (မြွေသုခတိုက်)၌ ကျင်းပမည် ဖြစ်သဖြင့် ချောက်မြို့နယ်သူ၊ မြို့နယ်သားများ ကြွရောက်ကြပါရန် အသင်းအမှုဆောင်အဖွဲ့က ဖိတ်ကြားနိုးဆော်ထားသည်။ (၆၁)

# ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် ဇွန် ၁၄

ပြည်မြန်မာသတင်းဂျာနယ် အမှတ် (၇၂၁)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ "မြန်မာနှင့် ဗီယက်နမ် ပုဂ္ဂလိကကုမ္ပဏီကြီးများ ပထမဆုံးအကြိမ် စီးပွားရေးပူးပေါင်းဆောင်ရွက်မည်၊ ပြည်သူ့ဥယျာဉ်၌ ရေပန်းရုပ်ရှင်ဖြင့် ဖျော်ဖြေမည်၊ ပုဂ္ဂလိကဘဏ်သစ်များအတွက် ဝန်ထမ်းများ ခေါ်ယူနေ၊ GSM လိုင်း ရှစ်သောင်း ထပ်မံတိုးချဲ့မည်၊ လေးလမ်းသွားတိုးချဲ့ကမ်းနားလမ်းသစ် စတင်ဖောက်လုပ်နေ၊ မုံရွာမြို့နယ်အတွင်း လူတစ်ရပ်ခန့်မြင့်သည့် မြေကြီးအက်ကွဲကြောင်းဖြစ်ပေါ်ခဲ့၊ ငွေဆောင်ကမ်းခြေရှိ အဆင့်မြင့်ဈေးကြီး ယခုလကုန် တည်ဆောက်ပြီးစီးမည်၊ ရှစ်တန်းအောင်ရုံဖြင့် နိုင်ငံတကာဇိမ်ခံသင်္ဘောလိုင်းများတွင် တာဝန်ထမ်းဆောင်နိုင်တော့မည်၊ အိမ်ခြံမြေဈေးကွက် ပြန်လည်သွက်လက်လာ၊ ခေတ်မီကြက်သန့်စင်စက် ကြက်ဘဲဈေးသစ်တွင် ပထမဦးဆုံးသုံးမည်၊ နိုင်ငံတစ်ဝန်းလုံးရှိ မှတ်ပုံတင်မဲ့ ဆိုင်ကယ်များကို ဇူလိုင်လ ၁ ရက်မှ စတင်သိမ်းဆည်းမည်၊ နိုင်ငံတကာပေါက်ဈေးအတိုင်း စက်သုံးဆီများကို လွတ်လပ်စွာဝယ်ယူနိုင်ပြီ၊ ရန်ကုန်မြို့တွင်း လျှပ်စစ်မီးရရှိမှုတိုးတက်လာ၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်ချက် ပိုကောင်းလာသော်လည်း ဂုဏ်ထူးရရှိသူ လျော့နည်းသွား၊ အမျိုးသမီး ဘောလုံးဝါသနာအိုးများ၏ စိတ်ကူးယဉ်ဘောလုံးသူရဲကောင်း ပေါ်ထွက်လာ၊ ဂျိမ်းစ်ဘွန်းမင်းသမီးက လက်ထပ်ပွဲကို စပိန်ရွာကလေး၌ ကျင်းပ၊ ၂၀၁၀ ကမ္ဘာ့ဖလားအလှမယ် ရွေးချယ်၊ ကမ္ဘာတစ်ပတ် တစ်ဦးတည်းရွက်လွှင့်နေသည့် မိန်းကလေးပျောက်ဆုံးနေရာမှ အသက်ရှင်လျက်သားပြန်လည်တွေ့ရှိ၊ တစ်လှည့်တည်းမှာ ဂေါက်သီးကျင်းနှစ်ကျင်းကို တစ်ချက်တည်းစီဖြင့် ဝင်အောင် အဘိုးကြီးကရိုက်နိုင်၊ ကမ္ဘာ့ဖလားရောဂါ အာကာသထဲအထိရောက်ရှိ၊ မိုက်ကယ်ဂျက်ဆင်သေဆုံးပြီးနောက်မှ တစ်နှစ်အတွင်း ဝင်ငွေဒေါ်လာသန်း ၁၀၀၀ ခန့်ရရှိ၊ ကမ္ဘာ့အကြီးဆုံး တယ်လီစကုပ်ကြီး တည်ဆောက်ကာ ဂြိုဟ်သားများကို လေ့လာမည်၊ အိုစမာဘင်လာဒင်၏မြေးကို အင်္ဂလိပ်အမျိုးသမီးတစ်ဦးက အငှားကိုယ်ဝန်ဆောင်မွေးဖွားရန် လက်ခံ၊ အာကာသသို့ လွှတ်တင်လိုက်သည့် တောင်ကိုရီးယားဒုံးပျံ ပေါက်ကွဲပျက်စီး၊ ကမ္ဘာ့နိုင်ငံရေးခေါင်းဆောင်များ ဘောလုံးစွမ်းရည်ပြသ၊ ခြိမ့်ခြိမ့်သဲဆင်နွှဲ ကမ္ဘာ့ဖလားဘောလုံးပွဲ၊ ခြေလက်ရှစ်ဖက်ပါသော ကလေးငယ်ကို အောင်မြင်စွာ ခွဲစိတ်ကုသပြီးစီး"စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အိန္ဒိယနိုင်ငံမြောက်ပိုင်း သင်္ဘောနစ်မြုပ် ၁၀ဦးထက်မနည်း သေဆုံး

**နယူးဒေလီ ဇွန် ၁၄**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရပရာဒေ့ရှ်ပြည်နယ် ဘာလီယာခရိုင်တွင် တနင်္လာနေ့က သင်္ဘောတစ်စင်းနစ်မြုပ်ရာ ၁၀ဦးထက်မနည်း သေဆုံးသွားကြောင်း အင်ဒိုအေးရှားသတင်းဌာနက ဖော်ပြသည်။

အဆိုပါသင်္ဘောပေါ်တွင် လူ ၅၀ကျော်လိုက်ပါလာပြီး ပြည်နယ်မြို့တော် လပ်ခ်နောင်းမှ ကီလိုမီတာ ၃၀၀ကွာဝေးသော ဂင်္ဂါမြစ်ကြောင်း ယူဝါလီယာကမ်းပါးအနီးတွင် နစ်မြုပ်သွားခြင်းဖြစ်ကြောင်း တာဝန်ရှိသူများ၏ ပြောကြားချက်ကို ကိုးကား၍ သတင်းတွင်ဖော်ပြထားသည်။

သင်္ဘောနစ်မြုပ်မှုကြောင့် လူအချို့ပျောက်ဆုံးလျက်ရှိရာ သေဆုံးသူဦးရေ နောက်ထပ် တိုးလာနိုင်ကြောင်း၊ ပျောက်ဆုံးနေသူများအား ရှာဖွေခြင်းနှင့် ကယ်ဆယ်ခြင်းများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သတင်းတွင်ပါရှိသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## နိုင်ငံတကာသတင်းများ

**အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရပရာဒေ့ရှ်ပြည်နယ် ဘာလီယာခရိုင်ရှိ ဂင်္ဂါမြစ်အတွင်း သင်္ဘောနစ်မြုပ်မှု ဖြစ်ပွားသည့်နေရာအနီး ရဲတပ်ဖွဲ့ဝင်များနှင့် ကယ်ဆယ်ရေးအဖွဲ့များအား တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## မက္ကဆီကိုတွင် လေယာဉ်ငယ်ပျက်ကျ ကိုးဦးသေဆုံး

**မက္ကဆီကိုစီးတီး ဇွန် ၁၄**

မက္ကဆီကိုနိုင်ငံ ကွင်တာနာရိုးပြည်နယ်တွင် တနင်္ဂနွေနေ့က လေယာဉ်ငယ်တစ်စင်းပျက်ကျရာ လေယာဉ်ပေါ်တွင် လိုက်ပါလာသူ ကိုးဦးစလုံး သေဆုံးကြောင်း ဒေသဆိုင်ရာမှလာသော သတင်းတွင် ဖော်ပြသည်။

အဆိုပါလေယာဉ်သည် ကာရစ်ဘီယန်ကမ်းခြေ တူလမ်းမြို့အနီးရှိ ဖီလီပီကာရီလိုပွာတိုရွာငယ်လေးမှ ၁ ဒသမ ၅ ကီလိုမီတာ ကွာဝေးသောနေရာတွင် ပျက်ကျခြင်းဖြစ်သည်။ ယင်းနေရာသည် မက္ကဆီကိုနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသည်များအား ဆွဲဆောင်ရာ ကျော်ကြားသည့်နေရာတစ်ခုဖြစ်သည်။

လေယာဉ်ပျက်ကျရာတွင် လေယာဉ်မှူးတစ်ဦး၊ တွဲဖက်လေယာဉ်မှူးတစ်ဦး၊ ပြည်နယ်အုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲစည်းရုံးလှုံ့ဆော်သူလေးဦးနှင့် ၎င်းတို့၏ လုံခြုံရေးအကြီးအကဲတစ်ဦးတို့ သေဆုံးခဲ့သည်။

လေယာဉ်ပျက်ကျရသည့် အကြောင်းရင်းကို ရှင်းလင်းစွာ မသိရသေးဟု ဆိုသည်။

လေယာဉ်ပျက်ကျသည့်နေရာသို့ အကူအညီပေးရေးအဖွဲ့များ ရောက်ရှိလာပြီး ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်း ဒေသခံရဲတပ်ဖွဲ့က ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## အီရန်ထောက်ပံ့ရေးသင်္ဘော ဂါဇာကမ်းမြောင်သို့ထွက်ခွာ

**တီဟီရန် ဇွန် ၁၄**

အီရန်နိုင်ငံသည် အစ္စရေး၏ ပိတ်ဆို့မှုခံထားရသော ဂါဇာကမ်းမြောင်ဒေသသို့ ထောက်ပံ့ရေးသင်္ဘောများ စတင်စေလွှတ်လိုက်ပြီဖြစ်ကြောင်း တနင်္လာနေ့ သတင်းများတွင်ဖော်ပြသည်။

ဂါဇာကမ်းမြောင်ဒေသကို ထိန်းချုပ်ထားသော ဟားမားစ်အဖွဲ့အား လက်နက်တပ်ဆင်ပေးသူမှာ အီရန်နိုင်ငံဖြစ်ကြောင်း အစ္စရေးနိုင်ငံက စွပ်စွဲထားရာ ယင်းကဲ့သို့ အီရန်က ဂါဇာဒေသသို့ ထောက်ပံ့ရေးသင်္ဘောများ စေလွှတ်မှုသည် အစ္စရေးနိုင်ငံအတွက် စိတ်ခုဖွယ်ပြဿနာတစ်ရပ် ဖြစ်လာနိုင်ဖွယ်ရှိကြောင်း သတင်းများတွင်ဖော်ပြသည်။

အီရန်နိုင်ငံ၏ ပထမဆုံး ဂါဇာထောက်ပံ့ရေးသင်္ဘောသည် တနင်္ဂနွေနေ့က ခရီးစဉ်စတင်ခဲ့ပြီဖြစ်ပြီး နောက်သင်္ဘောတစ်စင်းမှာ လာမည့် သောကြာနေ့တွင် ဂါဇာကမ်းမြောင်သို့ ထွက်ခွာမည်ဖြစ်သည်။ ယင်းသင်္ဘောများပေါ်တွင် စားနပ်ရိက္ခာများ၊ ဆောက်လုပ်ရေးသုံးပစ္စည်းများနှင့် ကလေးကစားစရာအရုပ်များကို တင်ဆောင်ထားကြောင်း သတင်းများတွင်ဖော်ပြသည်။

ဂါဇာကမ်းမြောင်ဒေသ ပိတ်ဆို့ခံရမှု ရပ်ဆိုင်းသည်အထိ ထောက်ပံ့ရေးသင်္ဘောများ စေလွှတ်သွားမည်ဖြစ်ကြောင်း အီရန်နိုင်ငံက ပြောကြားသည်။

အစ္စရေးနိုင်ငံတည်ရှိမှုကို မလိုလားသော အီရန်နိုင်ငံသည် ဟားမားစ်အဖွဲ့ကို လက်နက်များ တပ်ဆင်ပေးနေသည်ဟု အစ္စရေးနိုင်ငံက သံသယရှိနေသော်လည်း ဟားမားစ်အဖွဲ့ကို စိတ်ဓာတ်ရေးရာအရသာ အားပေးမှုများပြုလုပ်ခဲ့ကြောင်း အီရန်နိုင်ငံကဆိုသည်။ ***အင်တာနက်။***

## ဖိလစ်ပိုင်အလယ်ပိုင်းတွင် အီရန်ကမ္ဘာလှည့်ခရီးသည်ကား လျှိုမြောင်အတွင်းထိုးကျ

**ပေကျင်း ဇွန် ၁၄**

ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်းတွင် အီရန်နိုင်ငံသား ကမ္ဘာလှည့်ခရီးသည်များကို တင်ဆောင်လာသော ကားတစ်စီးသည် လျှိုမြောင်အတွင်း ထိုးကျသွားကြောင်း၊ လူ ၁၈ဦးထက်မနည်းသေဆုံး၍ ၃၀ ခန့် ဒဏ်ရာရရှိသွားကြောင်း သတင်းတွင် ဖော်ပြသည်။

သေဆုံးသွားသူများထဲတွင် ကလေးများပါဝင်ကြောင်း၊ အများစုမှာ အီရန်နိုင်ငံသားများဖြစ်သည်ဟု ယူဆရကြောင်း၊ အဆိုပါကားသည် ဘရိတ်မထိန်းနိုင်ဖြစ်ကာ စီဘူးပြည်နယ် ဘာလမ်ဘန်မြို့ရှိ မီတာ ၃၀နက်သော လျှိုမြောင်အတွင်း ထိုးကျသွားခြင်းဖြစ်ကြောင်း သတင်း၌ပါရှိသည်။

သေဆုံးသူများနှင့် ဒဏ်ရာရရှိသွားသူများကို လေတပ်မှရဟတ်ယာဉ်လေးစင်းဖြင့် စီဘူး စစ်အခြေစိုက်စခန်းများသို့ ခေါ်ဆောင်သွားပြီး ယင်းတို့မှ တစ်ဆင့် ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ အီရန်နိုင်ငံသားများထဲတွင် စီဘူးတွင်နေထိုင်သော ဆေးကျောင်းသားများနှင့် ဆရာဝန်များ ပါဝင်ကြောင်း သိရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## တစ်နေ့တခြား ဆိုးရွားလာသော ဘဝနေထိုင်မှုကြောင့် အာဖဂန်ကလေးများ ဥရောပသို့ တရားမဝင် ဝင်ရောက်နေ

**ဂျီနီဗာ ဇွန် ၁၄**

ပြီးခဲ့သည့်နှစ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံသား ကလေးသူငယ် ၅၉၀၀ ကျော်သည် ဥရောပတိုက်သို့ တရားမဝင် ရွှေ့ပြောင်းဝင်ရောက်ခဲ့သည်ဟု ကုလသမဂ္ဂအစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားကြောင်း တနင်္လာနေ့သတင်းများတွင် ဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံ၏ တစ်နေ့တခြား ဆိုးရွားလာသော ဘဝနေထိုင်မှုများကြောင့် အာဖဂန်ကလေးသူငယ်များ အမိမြေကိုစွန့်ခွာထွက်ပြေးမှု ပိုမိုများပြားလာလျက်ရှိကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး အင်တိုနီယိုဂူတာရက်ဇ်က အစီရင်ခံစာတစ်စောင်တွင် ထုတ်ဖော်ပြောကြားသည်။

အာဖဂန်ကလေးသူငယ်များကို ၎င်းတို့၏ မိဘများကိုယ်တိုင်က လူကုန်ကူးသူများလက်ထဲသို့ ထည့်ကာ ဥရောပတိုက်တွင် ငွေရှာရန်အလို့ငှာ စေလွှတ်လျက်ရှိကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

အစီရင်ခံစာ၏ အဆိုအရ အာဖဂန်နိုင်ငံသားများသည် ၎င်းတို့၏ ရင်သွေးငယ်များကို အန္တရာယ်များသော ခရီးလမ်းအတိုင်း ဥရောပသို့ သွားရောက်အခြေချရန် တိုက်တွန်းအားပေးလျက်ရှိကြောင်းသိရသည်။ပြီးခဲ့သည့်နှစ်အတွင်း ဥရောပတိုက်သို့ လာရောက်ခိုလှုံနေထိုင်ကြသော ကလေးသူငယ်ဒုက္ခသည် အရေအတွက်၏ ထက်ဝက်ခန့်သည် အာဖဂန်နစ္စတန်မှဖြစ်ကြောင်း အစီရင်ခံစာတွင်ဖော်ပြထားသည်။***အင်တာနက်။***

**ဂရိနိုင်ငံ အေသင်မြို့လယ်ရှိ မြေအောက်ဥမင်လမ်းများ၌ ခိုကပ်နေထိုင်ရသော အာဖဂန်အိုးအိမ်မဲ့ လူငယ်တစ်ဦးကိုတွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

**ရုရှားနိုင်ငံ ဘိုင်ကိုနောအာကာသစခန်း ဒုံးယာဉ်လွှတ်စင်၌ ဆိုယုဇ်တီအမ်အေ-၁၉အာကာသယာဉ်အား ဇွန် ၁၃ရက်က တွေ့ရစဉ်။** *(အဆိုပါ အာကာသယာဉ်ကို ဇွန် ၁၆ရက်တွင် နိုင်ငံတကာအာကာသစခန်းသို့ လွှတ်တင်မည်ဖြစ်သည်။)*
*(ဓာတ်ပုံ-အင်တာနက်)*

## ခြိမ်းခြောက်မှုများကြောင့် အစ္စရေးကာကွယ်ရေးဝန်ကြီး အီဟွတ်ဘာရက်ခ်၏ ပြင်သစ်ခရီးစဉ် ဖျက်သိမ်း

**ဂျေရုဆလင် ဇွန် ၁၄**

အစ္စရေးကာကွယ်ရေးဝန်ကြီး အီဟွတ်ဘာရက်ခ်သည် ပါလက်စတိုင်းလိုလားသူများက ၎င်းအား ဖမ်းဆီးရန် ကြိုးပမ်းနေသည်ဟူသော ခြိမ်းခြောက်မှုများကြောင့် ပြင်သစ်နိုင်ငံ ပါရီမြို့သို့ သွားရောက်မည့် ခရီးစဉ်ကို ဖျက်သိမ်းလိုက်ကြောင်း တနင်္ဂနွေနေ့ သတင်းများတွင် ဖော်ပြသည်။

အီဟွတ်ဘာရက်ခ်သည် ယခုရက်သတ္တပတ်အတွင်း ကျင်းပမည့် ဥရောပစစ်ဘက်ဆိုင်ရာ လက်နက်ကိရိယာပြပွဲ၌ ပါဝင်ပြသမည့် အစ္စရေးပြခန်းသို့ တက်ရောက်ကြည့်ရှုရန် စီစဉ်ထားသည်။

### သွားမည်မဟုတ်

သို့ရာတွင် အစ္စရေးတပ်ဖွဲ့များက ဂါဇာဒေသထောက်ပံ့ရေးသင်္ဘောအုပ်စုကို စီးနင်းတိုက်ခိုက်မှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးရေးကော်မတီတစ်ရပ်ဖွဲ့စည်းကာ စစ်ဆေးမှုများပြုလုပ်စဉ်အတွင်း အစ္စရေးကာကွယ်ရေးဝန်ကြီးသည် ပြင်သစ်နိုင်ငံသို့ သွားရောက်မည်မဟုတ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

### ခြိမ်းခြောက်

ပါလက်စတိုင်းအရေး လှုပ်ရှားသူများသည် ဂါဇာထောက်ပံ့ရေးသင်္ဘောအုပ်စု စီးနင်းတိုက်ခိုက်ခံရမှုနှင့် ပတ်သက်၍ အီဟွတ်ဘာရက်ခ်ကို တရားစွဲဆိုမည်ဖြစ်ကြောင်း ခြိမ်းခြောက်ခဲ့ကြသည်။

ယခင်ကလည်း ပါလက်စတိုင်းလိုလားသူများသည် ကမ္ဘာ့တရားစီရင်ရေးဥပဒေအရ အီဟွတ်ဘာရက်ခ်နှင့် အစ္စရေးအာဏာပိုင်အချို့ကို ဥရောပတိုက်၌ ဖမ်းဆီးတရားစွဲဆိုရန် ကြိုးစားခဲ့ကြသည်။ အဆိုပါတရားဥပဒေအရ စစ်ရာဇဝတ်မှုကျူးလွန်ခဲ့သူဟု ယူဆရသူကို အဆိုပါရာဇဝတ်မှုနှင့်တိုက်ရိုက်ဆက်နွယ်မှုမရှိသော နိုင်ငံတစ်နိုင်ငံတွင် တရားစွဲဆိုခွင့်ရှိသည်ဟု သိရသည်။

***အင်တာနက်။***

## ကယ်လီဖိုးနီးယား တောင်ပိုင်းတွင် အင်အားအသင့်အတင့်ရှိ ငလျင်နှစ်ခုလှုပ်ခတ်

**လော့စ်အိန်ဂျလိစ် ဇွန် ၁၄**

ကယ်လီဖိုးနီးယားတောင်ပိုင်းတွင် စနေနေ့ညပိုင်းက အင်အားအသင့်အတင့်ရှိ ငလျင်နှစ်ခုလှုပ်ကြောင်း အမေရိကန်နိုင်ငံ ဘူမိဗေဒဌာနက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

လော့စ်အိန်ဂျလိစ်မြို့တောင်ပိုင်းမှ မိုင် ၁၀၀ ကွာဝေးသော ဆန်တီယေဂိုမြို့အပါအဝင် ဒေသများတွင် အဆိုပါငလျင်များ လှုပ်ခြင်းဖြစ်သည်။စနေနေ့ည စနာရီက အင်အားရစ်ခ်ျတာစကေး ၄ဒသမ ၉အဆင့်ရှိ ငလျင်လှုပ်ခဲ့ပြီး ၄ ဒသမ ၈ အဆင့်ရှိငလျင်တစ်ခု ထပ်မံလှုပ်ခဲ့ကြောင်း၊ ယင်းငလျင်များသည် အမေရိကန်ပြည်ထောင်စုနှင့် မက္ကဆီကိုနိုင်ငံနယ်စပ်ရှိ ဆန်တီယေဂိုမြို့ အရှေ့မြောက်ဘက်မှ မိုင် ၉၀ကွာဝေးသော ဘိုရီဂိုးစပရင်းစ်ဒေသကိုဗဟိုပြု၍လှုပ်ခြင်းဖြစ်ကြောင်း သိရသည်။ဆန်တီယေဂိုမြို့ရှိ လူပေါင်းရာပေါင်းများစွာ ယင်းငလျင်များ၏ ဒဏ်ကိုခံကြရကြောင်း ဘူမိဗေဒတိုင်းတာရေးဌာနသို့ ပြောကြားသည်။ ဆန်တီယေဂိုကောင်တီ ကမ်းခြေဒေသမြောက်ပိုင်းနှင့် ပေးလ်စပရင်းဒေသအပါအဝင် ကယ်လီဖိုးနီးယားပြည်နယ် တောင်ပိုင်းဒေသတစ်လျှောက်တွင် ယင်းငလျင်များ၏ဒဏ်ကို ခံကြရသည်ဟုဆိုသည်။ ယင်းငလျင်နှစ်ခုလှုပ်ခတ်ပြီးနောက် နောက်ဆက်တွဲ ငလျင်လှုပ်ခတ်မှု ဒါဇင်ပေါင်းများစွာ ဖြစ်ပွားခဲ့သည်ဟုဆိုသည်။ ငလျင်များကြောင့် ဒဏ်ရာရရှိမှုနှင့် ပျက်စီးမှုသတင်း မရရှိသေးဟု သတင်းတွင်ပါရှိသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



# မြင်းခြံ - တောင်သာ လမ်းပိုင်း ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၄

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဇွန် ၁၁ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေနှင့် တာဝန်ရှိသူများလိုက်ပါလျက် မြင်းခြံမြို့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် မြို့တွင်းလမ်းများ ကောင်းမွန်မှု အခြေအနေတို့ကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် မြင်းခြံ-တောင်သာလမ်း မိုင်တိုင်အမှတ် (၄၅၁/၄) ၌ စက်ယန္တရားများဖြင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ မိုင်တိုင်အမှတ် (၄၂၇/၃)ရှိ ရန်ကုန်-ပြည်- မန္တလေးလမ်း တံတားအမှတ် (၄/၄၃၀) (ဝဲလောင်တံတား)၌ ရေလယ်တိုင် တည်ဆောက်ရန် ကျောက်ခွေချခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှု၊ ကမ်းကပ်ခုံ တည်ဆောက်ရန်အတွက် သံချည်သံကွေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ တောင်သာ-ဝဲလောင်-ကျောက်ပန်းတောင်း-ညောင်ဦး လမ်းပိုင်းအခြေအနေနှင့် ပုပ္ပားတောင် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဇွန် ၁၃ ရက်တွင် မကွေး-တောင်တွင်းကြီး လမ်းပိုင်း၌ လမ်းတိုးချဲ့ရန်အတွက် မြေကြီးလုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ မိုးစပါးစိုက်ပျိုးရန်အတွက် မြေယာ ထွန်ယက် ထားရှိမှုနှင့် တောင်တွင်းကြီးမြို့နယ် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

## ရင်းရင်းနှီးနှီးတွေ့ဆုံ

ယင်းနောက် တောင်တွင်းကြီးမြို့နယ် ကွဲဖြူကန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ကျောင်းသစ်တည်ဆောက်ထားရှိမှုကိုလည်းကောင်း၊ ကွဲဖြူကန်ကျေးရွာ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် ကျေးရွာ လျှပ်စစ်ဖြန့်ဖြူးနေမှုတို့ကိုလည်းကောင်းကြည့်ရှုစစ်ဆေးသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ငမင်မြောင်းသစ်လက်တံမြောင်း ဖောက်လုပ်ထားရှိမှု၊ တောင်တွင်းကြီး-နေပြည်တော် လမ်းပိုင်းအခြေအနေများ၊ လမ်းတိုးချဲ့ခြင်းလုပ်ငန်းဆောင်ရွက်ရန် မြေကြီးလုပ်ငန်းဆောင်ရွက်ထားရှိမှု၊ လမ်းဘေးမြေထိန်းနံရံများ တည်ဆောက်ထားရှိမှု၊ ကျွန်းစိုက်ခင်းများ စိုက်ပျိုးထားရှိမှုနှင့် ပဲခူးရိုးမပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တောင်တွင်းကြီးမြို့နယ်ရှိ ဝံအော်ကြီး သစ်တောစခန်း၌ ကျွန်းစိုက်ခင်း စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ဝဲလောင်တံတား

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ဝဲလောင်တံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

# ကုန်သည်/စက်မှုအသင်းချုပ် ဥက္ကဋ္ဌအား တရုတ်ညှော်သည်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် ဇွန် ၁၄**

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမောင်မောင်လေးနှင့် အဖွဲ့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Technical Import & Export Corporation ဥက္ကဋ္ဌ Mr. Tang Yi နှင့် Chief Representative Mr. Richard Wangတို့သည် ဇွန် ၄ ရက်တွင် အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံကြပြီး မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများနှင့် စက်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်းများ မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုပြုလိုသည့်ကိစ္စ၊ စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များ ရယူလိုခြင်းကိစ္စတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အဖွဲ့အား China National Technical Import & Export Corporation ဥက္ကဋ္ဌ Mr. Tang Yi နှင့် Chief Representative Mr.Richard Wangတို့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

# မြန်မာနယူးစ်ဝိခ်ဂျာနယ် ထွက်ရှိ

**ရန်ကုန် ဇွန် ၁၄**

'ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီနှင့် တွေ့ဆုံမေးမြန်းခြင်း'သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)အမှတ်စဉ်(၃၂)ကို ယနေ့ ဖြန့်ချိလိုက်သည်။

၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) ဆိုင်းဘုတ်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားရေးအဖွဲ့ချုပ် ဆိုင်းဘုတ်နှစ်ခုတို့ကို တစ်ပြိုင်တည်းဖွင့်လှစ်၊ မွမ်ဘိုင်းမြို့ ရွှေတိဂုံပုံတူစေတီတော် ရင်ပြင်တော်တွင် ထားရှိသည့် မြန်မာနိုင်ငံမှလှူဒါန်းသော ကျောက်ဆင်းတုဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘုရားအနေကဇာတင်ပွဲကျင်းပပြီးစီး၊ အငှားယာဉ်မောင်းအား ဓားဖြင့်ခုတ်သတ်သူ လေးဦးကို နှစ်ရက်အတွင်း ဖမ်းဆီးရမိ၊ ရန်ကုန်မြို့ ကမ်းနားလမ်းကို ခြောက်လမ်းသွား လမ်းမကြီးအဖြစ် စတင်ဖောက်လုပ်၊ တာမွေပလာဇာ အရှုပ်အရှင်းနှင့်ပတ်သက်၍၊ နေရာအတည်တကျမရှိသော ရတနာကုန်သည်များကို GEMS CENTERတွင် ဦးစားပေးနေရာများချပေး၊ စိမ်းလဲ့ကန်သာ ငါးလောင်းပြိုင်လူသတ်မှုနှင့် $X_2O$ ရေကစားမဏ္ဍပ် ဗုံးဖောက်ခွဲသည့် တရားခံများ ဆက်လက်စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း ရဲချုပ်မှပြောကြား၊ အနုပညာရှင်နှင့် စာရေးဆရာများအား ပြင်သစ်နိုင်ငံ ပဲရစ်မြို့သို့ ဖိတ်ခေါ်သည့် နိုင်ငံတကာ အတွေ့အကြုံဖလှယ်ရေး အစီအစဉ်အတွက် စိတ်ဝင်စားသူများ လျှောက်ထားနိုင်၊ ရုပ်ရှင်သရုပ်ဆောင် အမျိုးသား၊ အမျိုးသမီး ဘောလုံးအသင်း ပြန်လည်ဖွဲ့စည်းမည်၊ ဒုတိယကမ္ဘာစစ်အတွင်းက နစ်မြုပ်ခဲ့သော ဗြိတိသျှစစ်သင်္ဘောတစ်စင်းကို ပြန်လည်ဖော်ယူ၊ ညောင်ရွှေမြို့ မင်္ဂလာအင်းတွင် အမေရိကန်နိုင်ငံသား ကျပျောက်ခဲ့သည့် ပစ္စည်းများအား အမေရိကန်သံရုံးသို့ လွှဲပြောင်းပေးအပ်၊ အီရန်ကို အမေရိကန်နှင့် အစ္စရေးတို့ပူးပေါင်းပြီး လက်ဦးမှုရယူတိုက်ခိုက်ခြင်းကို ကုလသမဂ္ဂလုံခြုံရေးအဖွဲ့က ခွင့်ပြုမှာလား၊ မြောက်ကိုရီးယားက ဆိုးလ်မြို့ကို မီးဟုန်းဟုန်းတောက်သွားအောင် တိုက်ခိုက်မည်ဟု ခြိမ်းခြောက်၊ ဒူဘိုင်းဟိုတယ်အတွင်း ဟားမာ့စ်အကြီးအကဲအား သတ်ဖြတ်သည်ဟု သံသယဖြစ်ဖွယ် မော့ဆက်အေးဂျင့်အား ပိုလန်တွင် ဖမ်းဆီးရမိ၊ အိုဘားမားက ဘုရှ်ခြေလှမ်းများကိုလိုက်လျှင် အမေရိကန်လမ်းဆုံးကို ရောက်သွားမည်ဟု အီရန်သမ္မတပြောကြား စသည့် နောက်ဆုံးရ ပြည်တွင်း၊ ပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေဖြန့်ချိနေပြီဖြစ်သည်။

(သတင်းစဉ်)

# Myanmar Book Centre၏ WELCOME BACK TO SCHOOL & MID - YEAR SALE PROGRAM ကျင်းပမည်

**နေပြည်တော် ဇွန် ၁၄**

Myanmar Book Centre၏ စာအုပ်ဈေးရောင်းပွဲတော် " WELCOME BACK TO SCHOOL & MID-YEAR SALE PROGRAM " အစီအစဉ်ကို ဇွန် ၁၈ ရက်မှ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်တွင် Customers များအနေဖြင့် Discount ရရှိခြင်း၊ Gift Book များရရှိခြင်းနှင့် ကံစမ်းမဲများ ရရှိခြင်း အကျိုးကျေးဇူး သုံးမျိုး ရရှိမည်ဖြစ်သည်။ Members များအား ၁၅ ရာခိုင်နှုန်း Discount နှင့် Non- members များအား ၁၀ ရာခိုင်နှုန်း Discount ပေးသွားမည့်အပြင် ငွေကျပ် ၅၀၀၀ ဖိုး ဝယ်ယူသူတိုင်းအား Gift Book တစ်အုပ်စီ လက်ဆောင်ပေးသွားမည်ဖြစ်ပြီး Dictionary နှင့် Readers စုစုပေါင်း ငွေကျပ်သိန်း ၃၀ ဖိုးရှိ ကံစမ်းမဲများလည်း ဖောက်ပေးသွားမည်ဖြစ်သည်။ Gift Book များမှာ Readers, Reference Books (eg, Dictionary & Encyclopedia), General Knowledge Books, Fiction / Non- fiction, Self - Development Books, Art & Science Books များ များစွာပါဝင်ကြောင်း သိရသည်။

ယခု စာအုပ်ပွဲတော်တွင် မူလတန်းမှ IGCSEအထိ သင်ရိုးညွှန်းတမ်းစာအုပ်များ၊ နာမည်ကြီး Classics များ၊ Juvenile Readers များ၊ Dictionary Encyclopedia များ စုစုပေါင်း စာအုပ်အသစ်ပေါင်း ၂၀၀၀၀ ကျော် ပြသပေးသွားမည်ဖြစ်ရာ ပုဂ္ဂလိကကျောင်းများ သာမက အစိုးရကျောင်းများတွင် သင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများအတွက် လွန်စွာ အသုံးဝင်မည့် စာအုပ်များဖြစ်သည်။ နိုင်ငံတကာပညာရေး သင်ရိုးညွှန်းတမ်းစာအုပ်များ အထူးသဖြင့် စင်ကာပူ သင်ရိုးစာအုပ်များ များစွာ ရောင်းချပေးသွားမည်ဖြစ်သည်။

WELCOME BACK TO SCHOOL & MID- YEAR SALE PROGRAMအစီအစဉ်ကို Myanmar Book Centre ဆိုင် (၁) အမှတ် (၅၅) ဗဟိုလမ်း ဗဟိုလမ်းနှင့် အလုံလမ်းထောင့် အလုံမြို့နယ် ရန်ကုန်မြို့နှင့် ဆိုင်(၂) အမှတ် (၅၆၁-၅၆၇) အခန်း (၃) မြေညီထပ် MAC Tower(1) ကုန်သည်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့တို့တွင် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိနှင့် မန္တလေးဆိုင်ခွဲဖြစ်သော Room (429), Level-4, 78 Shopping Centre, Mandalay ဆိုင်တွင် နံနက် ၉ နာရီမှ ည ၉ နာရီအထိ တစ်ပြိုင်တည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## အနေးယာဉ်စီးနင်းသူများ လိုက်နာရန်

၁။ ရန်ကုန်မြို့တော်အတွင်း စည်းကမ်းမဲ့အနှေးယာဉ်များကြောင့် ယာဉ်တိုက်မှုများ မကြာခဏ ဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိရပါသည်။ သို့ပါ၍ အနှေးယာဉ်များ (ဆိုက်ကား၊ စက်ဘီး၊ ဂါလီနှင့် လက်တွန်းလှည်း အမျိုးမျိုး)အနေဖြင့် အောက်ပါစည်းကမ်းချက်များအား လိုက်နာကြရန်နှင့် လိုက်နာမှုမရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သတိပေးနှိုးဆော်အပ်ပါသည်-

(က) ရန်ကုန်မြို့တွင်း အရှေ့ဘက်-ဗိုလ်အောင်ကျော်လမ်း၊ အနောက်ဘက်-လမ်းမတော်လမ်း၊ တောင်ဘက်-ကုန်သည်လမ်း၊မြောက်ဘက်-ဗိုလ်ချုပ်အောင်ဆန်းလမ်းအကြား နံနက် ၅ နာရီမှ ည ၁၀ နာရီအတွင်း အနှေးယာဉ်များ မဝင်ရ။

(ခ) ပြည်လမ်း၊ ကမ္ဘာအေးစေတီလမ်း၊ တက္ကသိုလ်ရိပ်သာလမ်း၊ ဦးဝိစာရလမ်းနှင့် ကန်ပတ်လမ်း (ကန်တော်ကြီးပတ်လည်)တို့တွင် နေ့/ည လုံးဝဝင်ရောက်ခြင်းမပြုရ။

(ဂ) လမ်းပြောင်းပြန် စီးနင်းခြင်းမပြုရ။

(ဃ) လမ်းလယ်မှ စီးနင်းခြင်းမပြုရ။

(င) သတ်မှတ်ပေးထားသည့် ဝန်ထက်ပို၍ တင်ဆောင်ခြင်းမပြုရ။

(စ) ညအချိန် ရောင်ပြန်မပါဘဲ စီးနင်းခြင်း မပြုရ။

၂။ မြို့တွင်းခြောက်မြို့နယ်တွင် စည်းကမ်းမဲ့အနှေးယာဉ်များကြောင့် ယာဉ်ကြောများ ပိတ်ဆို့မှုဖြစ်ခြင်းနှင့် ယာဉ်တိုက်မှုမကြာခဏဖြစ်ခြင်းတို့ကြောင့် အနှေးယာဉ်များအား မှတ်ပုံတင်ခြင်းကို နှစ်အလိုက်လျှော့ချ၍ တဖြည်းဖြည်းရုပ်သိမ်းသွားမည်ဖြစ်ပါသည်။

**ရန်ကုန်တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# ဆည်ရေသောက်ဧရိယာများမှ စိုက်ပျိုးရေများရရှိပြီး လယ်ယာထွက်ကုန်များမှ ဝင်ငွေတိုးလာသည်နှင့်အမျှ ကျေးလက်နေပြည်သူများ၏ နေထိုင်စားသောက်မှု၊ ပညာရေး၊ ကျန်းမာရေး စသည့် လူနေမှုပုံစံ တိုးတက်ပြောင်းလဲလာ

နေပြည်တော် ဇွန် ၁၄

**မကွေးမြို့၌ ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ဇွန် ၁၃ ရက်တွင် မကွေးတိုင်း မင်းဘူးခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**

**နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ကြီးအုံ-ကြီးဝ ရေလှောင်တမံ ဘက်စုံစီမံကိန်း ရှင်းလင်းဆောင်ရွက်ရပ်မှ စီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။**
(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် နံနက် ၇ နာရီ ၁၅ မိနစ်တွင် မော်တော်ယာဉ်ဖြင့် မကွေးမြို့မှ ထွက်ခွာလာရာ နံနက် ၁၀ နာရီတွင် မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ဝန်လိုကျေးရွာအနီး မုန်းချောင်းပေါ်တွင် တည်ဆောက်လျက်ရှိသည့် ကြီးအုံ-ကြီးဝ ရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ နိုင်ငံတော်ဝန်ကြီးချုပ်အား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးက ကြီးအုံ-ကြီးဝ ရေလှောင်တမံ ဘက်စုံစီမံကိန်း တည်နေရာ၊ စီမံကိန်းရည်ရွယ်ချက်၊ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ အကြိုတည်ဆောက်ခြင်းလုပ်ငန်းများ၊ ရေစိမ့်တားကွန်ကရစ်နံရံ၊ ရေလွှဲမြောင်းနှင့် ယာယီရေထိန်းတမံ တည်ဆောက်ပြီးစီးမှု၊ ပင်မတမံ၊ ရေပိုလွှဲ Intake, Penstock & Power House နှင့် ၇၄ မဂ္ဂါဝပ်ရှိ ရေအားလျှပ်စစ်ထုတ်လုပ်ရေးဆိုင်ရာ အဆောက်အအုံများတည်ဆောက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က ရေအားလျှပ်စစ်စီမံကိန်းနေရာသို့ ဓာတ်အားလိုင်းများ သွယ်တန်းပြီးစီးမှုနှင့် စီမံကိန်းပြီးစီးပါက မဟာဓာတ်အားလိုင်းသို့ ပို့လွှတ်ရန် စီစဉ်ဆောင်ရွက်နေမှုကို လည်းကောင်း၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းက မကွေးတိုင်းနှင့် ဆက်စပ်ဒေသများအတွင်း ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဝန်ကြီး ဦးဌေးဦးက မုန်းချောင်းပေါ်ရှိ ရေလှောင်တမံစီမံကိန်းများ၊ စလင်းရေကူတမံ၊ ရေဘုတ်ကြီးရေလှောင်တမံနှင့် ကျောက်ချပ်ရေလှောင်တမံတို့မှ ရေပေးဝေနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က တည်ဆောက်ရေးလုပ်ငန်းများတွင် လိုအပ်သော စက်သုံးဆီ၊ ဘိလပ်မြေ၊ သံချောင်း စသည့် လုပ်ငန်းသုံးပစ္စည်းများ ပြည့်စုံအောင် နိုင်ငံတော်က ဖြည့်ဆည်းပေးမည်ဖြစ်၍ လက်ကျန်လုပ်ငန်းများ အမြန်ပြီးစီးအောင် အားသွန်ခွန်စိုက် ဆောင်ရွက်သွားရန်နှင့် အရည်အသွေး ကောင်းမွန်ရေးကို ဂရုတစိုက်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဤစီမံကိန်းမှ ရေပေးဝေမည့် ရေပေးမြောင်းများပါ တစ်ပါတည်းပြီးစီးအောင်၊ ဆည်ပြီးမြောင်းပြီးဖြစ်အောင် ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ထို့အပြင် ကြီးအုံ-ကြီးဝ ရေလှောင်တမံစီမံကိန်း၊ သူငွေချောင်း ရေအားလျှပ်စစ်စီမံကိန်းနှင့် စိုင်ဒင် ရေအားလျှပ်စစ် စီမံကိန်းတို့မှ လုပ်ငန်းများပြီးစီးပါက ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားများကို ဆက်စပ်ဖြန့်ဖြူးနိုင်ရေးအတွက် ကြိုတင်ဆောင်ရွက်ရမည့် ဓာတ်အားဖြန့်ဖြူးရေးဆိုင်ရာလုပ်ငန်းများကို ကြိုတင်၍ စီမံဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်သည် စီမံကိန်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Guandong New Technology & Import & Export Cooperation မှ ပညာရှင်များအား သစ်သီးခြင်း လက်ဆောင်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ရှင်းလင်းဆောင်ရှုရပ်မှနေ၍ စီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရေပိုလွှဲ တည်ဆောက်နေမှုနှင့် ရေအားလျှပ်စစ်ထုတ်လုပ်ရေးဆိုင်ရာ အဆောက်အအုံများ တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ကြီးအုံ-ကြီးဝရေလှောင်တမံ ဘက်စုံစီမံကိန်းကို မုန်းချောင်းရေလှောင်တမံ၏ အောက်ဘက် ၁၅ မိုင်ခန့်အကွာ ဝန်လိုကျေးရွာအနီးရှိ မုန်းချောင်းပေါ်၌ တည်ဆောက်လျက်ရှိပြီး ရေဧက ပေ ၄၆၃၀၀၀ သိုလှောင်၍ လယ်မြေဧက တစ်သိန်းခန့်ကို ရေသွင်းစိုက်ပျိုးနိုင်ရန်၊ လယ်ယာမြေများ ရေကြီးနစ်မြုပ်ခြင်းမှ ကာကွယ်ရန်၊ သီးထပ်စိုက်ပျိုးဧက ပိုမိုတိုးချဲ့ ရေပေးဝေနိုင်ရန်နှင့် လျှပ်စစ်ဓာတ်အား ၇၄ မဂ္ဂါဝပ် ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန် ရည်ရွယ်တည်ဆောက်ခြင်းဖြစ်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်သည် ပုသိမ်-မုံရွာလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် လမ်းခင်းရန် ကျောက်များ ကြိုတင်စုဆောင်းထားမှုကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မိုင်တိုင်အမှတ်(၂၉၆/၁)ရှိ မဲဇလီကြိုးတံတားအနီး၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က အရှည်မိုင် ၄၅၀ ငါးဖာလုံရှိ ပုသိမ်-မုံရွာလမ်းမကြီးကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှု၊ လုပ်ငန်းဆောင်ရွက်ရာ၌ လမ်းနယ်မြေအလိုက် အပိုင်းသုံးပိုင်းခွဲ၍ ကုမ္ပဏီ ၁၈ ခု၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အဖွဲ့ ၂၃ ဖွဲ့ စုစုပေါင်းလုပ်ငန်းအဖွဲ့ ၄၁ ဖွဲ့ဖြင့် စုဖွဲ့ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်သည် ပွင့်ဖြူမြို့နယ် ဆည်တော်ကျေးရွာသို့ ရောက်ရှိပြီး ဒေသခံ တောင်သူများနှင့် တွေ့ဆုံရာတွင် ဆည်ရေသောက်ဧရိယာများမှ သောက်သုံးရေ၊ စိုက်ပျိုးရေများ ရရှိလာပြီး လယ်ယာထွက်ကုန်များမှ ဝင်ငွေများ တိုးပွားလာသည်နှင့်အမျှ ကျေးလက်နေပြည်သူများ၏ နေထိုင်စားသောက်မှု၊ ပညာရေး၊ ကျန်းမာရေး စသည့် လူနေမှုပုံစံသည်လည်း တိုးတက်ပြောင်းလဲလာလျက်ရှိသည်ကို မြင်တွေ့ရကြောင်း၊ ဤသည်မှာ နိုင်ငံတော်က အချိန်၊ ငွေကြေး၊ အတတ်ပညာ၊ နည်းပညာ၊ လူအင်အား၊ စက်အင်အား စသည်တို့ကို ရင်းနှီးမြှုပ်နှံ သုံးစွဲရကျိုးနပ်သည့် ရေရှည်တည်တံ့ကောင်းမွန်သော အကျိုးရလဒ်ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့်လည်း သီးနှံတစ်ဧက အထွက်နှုန်းတိုးတက်ရေးကို နည်းမျိုးစုံဖြင့် ကြံဆ၍ ကြိုးစားလုပ်ကိုင်ကြရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် မဲဇလီရေလွှဲဆည်၏ ပင်မတူးမြောင်းမှရေကို ရေတင်စက်ဖြင့် တင်ယူ၍ ယာမြေမှ လယ်မြေအဖြစ် ပြောင်းပြီး လယ်မြေဧက ၈၀ ကို ရေပေး၍ နွေစပါးစိုက်ပျိုးနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ ပွင့်ဖြူမြို့နယ်ဥက္ကဋ္ဌက ရေပေးဝေနေမှုနှင့် မြို့နယ်အတွင်း၌ မိုးစပါးတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် လယ်မြေ ၂၀၁၂ ဧကကို ရေသောက်စနစ်ဖြင့် ရေသွင်းစိုက်ပျိုးနိုင်မှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပွင့်ဖြူမြို့ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်းချုပ်မျှင်နှင့် အထည်စက်ရုံ (ပွင့်ဖြူ)သို့ ရောက်ရှိပြီး စက်ရုံခန်းမ၌ ခင်းကျင်းပြသထားသည့် အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်းအောက်ရှိ စက်ရုံများမှထုတ်လုပ်သော အဝတ်အထည်များကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာအောင်ကျော်စိုးက စက်ရုံဆိုင်ရာ အချက်အလက်များနှင့် စက်ရုံတည်ဆောက်ရခြင်းရည်ရွယ်ချက်၊ စက်ရုံ တည်ဆောက်ပြီးစီးခဲ့မှု၊ စမ်းသပ်လည်ပတ်ခဲ့မှုနှင့် ထုတ်ကုန် ပစ္စည်းများကိုရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့

**နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ပွင့်ဖြူမြို့နယ် ဆည်တော်ကျေးရွာ၌ ဒေသခံတောင်သူများအား တွေ့ဆုံမှာကြားစဉ်။**
(သတင်းစဉ်)

# စက်ရုံအတွင်း စိုက်ပျိုးနိုင်သည့် မြေဧရိယာအားလုံးတွင် ဝါစိုက်ပျိုး စက်ရုံကြီး ရေရှည်စွမ်းအားပြည့် လည်ပတ်နိုင်အောင် ဆောင်ရွက်သွားရန် လိုအပ်

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်နှင့်အထည်စက်ရုံ(ပွင့်ဖြူ)၌ ကုန်ထုတ်လုပ်မှုအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

✳စာမျက်နှာ ၆ မှ

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က ၎င်းစက်ရုံအတွက် လိုအပ်သော လျှပ်စစ်ဓာတ်အား၊ သဘာဝဓာတ်ငွေ့များ ပြည့်စုံစွာရရှိပြီးဖြစ်၍ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေးကို ဦးစားပေးဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ စက်ရုံအတွက်လိုအပ်သော ဝါကုန်ကြမ်းကို တောင်သူများထံမှ ဝယ်ယူသကဲ့သို့ ကိုယ်တိုင် စိုက်ပျိုးသွားရန်လည်း လိုအပ်ကြောင်း၊ စက်ရုံအတွင်း စိုက်ပျိုးနိုင်သည့် မြေဧရိယာအားလုံးတွင် ဝါစိုက်ပျိုးသွားရန်နှင့် စက်ရုံအတွက် ရင်းနှီးမြှုပ်နှံရသော ငွေကြေးပမာဏကြီးမားများပြား၍ စက်ရုံကြီး ရေရှည်စွမ်းအားပြည့် လည်ပတ်နိုင်အောင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ စက်ရုံအတွင်းရှိ ကုန်ထုတ်လုပ်မှုဌာနအသီးသီးသည် စက်များပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျ စီမံဆောင်ရွက်သွားရန်၊ မီးလောင်လွယ်သော ပစ္စည်းများဖြစ်၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို စနစ်တကျ စီမံဆောင်ရွက်သွားရန်နှင့် လုပ်ငန်းများအပေါ် စေတနာအပြည့်အဝထား၍ ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်သည် စက်ရုံအတွင်း၌ ဝါဂွမ်းမှ ချည်မျှင်နှင့် ပိတ်ကြမ်းဖြစ်သည်အထိ ကုန်ထုတ်လုပ်မှု အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်သည် ညနေပိုင်းတွင် မင်းဘူးမြို့နယ်ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မန်းချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ရှင်းလင်းဆောင်ရွက်ပမှနေ၍ တံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းက ကြံခင်း-ပခုက္ကူ ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၏ သရက်-ပွင့်ဖြူလမ်းပိုင်းရှိ မန်းချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းတွင် အရှည် ၄၀၂ ပေ ခြောက်လက်မရှိ တံတားတစ်စင်း၊ အရှည် ၂၈၇ ပေ ခြောက်လက်မရှိ တံတားတစ်စင်းနှင့် အရှည်ပေ ၆၀ ရှိ ရေထွက်ပေါက် တံတားတစ်စင်းတို့ကို တည်ဆောက်နေမှု၊ သရက်-ပွင့်ဖြူလမ်းပိုင်းတွင် ပါဝင်သည့် သရက်-မင်းလှ လမ်းပိုင်း ၅၃ မိုင်ကို ၂၀၁၀ ခုနှစ် မတ် ၁၄ ရက်တွင် ဖွင့်လှစ်ခဲ့ပြီးနောက် ကျန်ရှိသော မင်းလှ-ပွင့်ဖြူလမ်းပိုင်းမှ အရှည် ၂၅ ဒသမ ၄ မိုင်ရှိ မင်းလှ-မင်းဘူး လမ်းပိုင်းကို အမြန်ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်နေမှု၊ အဆိုပါလမ်းပိုင်းရှိ မြေသားလုပ်ငန်း၊ တံတားလုပ်ငန်း၊ ဘူတာနှင့် သံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီး ဦးခင်မောင်မြင့်က ရထားရော ကားပါသွားလာနိုင်သည့် တံတားများ တည်ဆောက်ထားမှုကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားဖြည့်ဆည်း စီမံဆောင်ရွက်ပေးပြီး ဆက်လက်ထွက်ခွာခဲ့ရာ မင်းဘူးမြို့သို့ ရောက်ရှိသည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်နှင့်အထည်စက်ရုံ (ပွင့်ဖြူ)၌ စက်ရုံများက ထုတ်လုပ်သည့် အဝတ်အထည်များကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်နှင့် အထည်စက်ရုံ(ပွင့်ဖြူ) ၌ လုပ်ငန်းဆောင်ရွက်နေမှုကို တွေ့ရစဉ်။

(သတင်းစဉ်)

**သရက်-မင်းလှ လမ်းပိုင်း ၅၃ မိုင်ကို ၂၀၁၀ ခုနှစ် မတ် ၁၄ ရက်တွင် ဖွင့်လှစ်ခဲ့ပြီးနောက် ကျန်ရှိသော မင်းလှ-ပွင့်ဖြူလမ်းပိုင်းမှ အရှည် ၂၅ ဒသမ ၄ မိုင်ရှိ မင်းလှ - မင်းဘူး လမ်းပိုင်းကို အမြန်ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်နေ။**

# ယခုနှစ် နွေရာသီတွင် အပူချိန်လွန်ကဲပြီး အချို့ဒေသများ၌ သောက်သုံးရေ အခက်အခဲများဖြစ်ပေါ် နောင်နှစ်များတွင် သောက်သုံးရေအခက်အခဲများ မဖြစ်ပေါ်စေရေးအတွက် ယခုကပင် စတင်ပြင်ဆင်

**❀ ရှေ့ဖုံးမှ**

အပင်များကိုလည်း ဂရုတစိုက် ထိန်းသိမ်း ကာကွယ်စောင့်ရှောက်သွားရန် အသေးစိတ် မှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်သည် ရွှေပုံတောင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ရွှေပုံတောင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းကို ၂၀၀၀-၂၀၀၁ ခုနှစ်မှ စတင်၍ ဆောင်ရွက်ခဲ့ရာ စိုက်ခင်း မြေဧက ၃၄၅၀ တွင် တမာပင်ပေါင်း ၅၂၀၀၀၀ နှင့် အခြားသစ်မျိုးစုံကို စိုက်ပျိုးနိုင်ခဲ့ပြီး ရှင်သန်မှုနည်းပါးသော နေရာများတွင်လည်း ဖြည့်စွက်စိုက်ပျိုးခဲ့ရာ ၇၀ ရာခိုင်နှုန်း ရှင်သန်ခဲ့သည်။ ယခုအခါ ၁၀ နှစ်သား တမာပင် ၁၂၀၀၀ နှင့် အပင်ကြီး ၆၀ ကျော် ရှင်သန်ဖြစ်ထွန်းလျက်ရှိသည်။

**အနော်ရထာတံတား**

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မကွေးခရိုင် ချောက်မြို့သို့ရောက်ရှိကြပြီး ဧရာဝတီမြစ်ကူး အနော်ရထာတံတားကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုကာ ပခုက္ကူခရိုင် ဆိပ်ဖြူမြို့သို့ ရောက်ရှိကြသည်။

ထို့နောက် ဝန်ကြီးချုပ်သည် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက အကောင်အထည်ဖော် ဖောက်လုပ်ပြီးစီးသွားသည့် ကြံခင်း-ပခုက္ကူ ရထားလမ်းစီမံကိန်း၏ ဆိပ်ဖြူ-ယောချောင်း ရထားလမ်းပိုင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ပြီးနောက် ဆိပ်ဖြူမြို့၌ ဖွင့်လှစ်ထားသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းသို့ ရောက်ရှိသည်။

ယင်းနောက် သင်တန်းခန်းမဆောင်၌ နိုင်ငံတော်ဝန်ကြီးချုပ်အား ကျောင်းအုပ်ကြီး ဒေါ်ခင်ထွေးရီက အခြေခံ အိမ်တွင်းမှုသင်တန်းနှင့် အဆင့်မြင့်စက်ချုပ်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးချုပ်သည် သင်တန်းသူများ၏ အိမ်တွင်းမှုပညာရပ်များ သင်ကြားတတ်မြောက်မှုများကို ရင်းနှီးစွာ တွေ့ဆုံမေးမြန်းပြီး သင်တန်းသူများ၏ လက်ရာ အဝတ်အထည်များနှင့် အသုံးအဆောင်ပစ္စည်းများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် သင်တန်းကျောင်းအတွက် ထောက်ပံ့ငွေနှင့်ပစ္စည်းများကို ကျောင်းအုပ်ကြီးထံပေးအပ်သည်။

**ထောက်ပံ့ငွေပေးအပ်**

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေတို့က သင်တန်းကျောင်းအတွက် ရုပ်မြင်သံကြား ပြစက်၊ ကွန်ပျူတာ၊ ဗီဒီယိုပြစက်နှင့် ထောက်ပံ့ငွေများကို ပေးအပ်ကြသည်။

ထို့နောက် မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်က မကွေးတိုင်းအတွင်း မြို့ပြရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ကျေးလက်ဒေသ ရေရရှိရေး ဆောင်ရွက်ပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး သာအေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် နိုင်ငံတော်ဝန်ကြီးချုပ်က ကမ္ဘာ့ရာသီဥတုဖောက်ပြန်မှုကြောင့် ယခုနှစ် နွေရာသီတွင် အပူချိန်လွန်ကဲပြီး အချို့ဒေသများ၌ သောက်သုံးရေ အခက်အခဲများ ဖြစ်ပေါ်ခဲ့ကြောင်း၊ နောင်နှစ်များတွင် သောက်သုံးရေအခက်အခဲများ မဖြစ်ပေါ်စေရေးအတွက် ယခုကပင် စတင်ပြင်ဆင်သွားရန်၊ နိုင်ငံတော်အနေဖြင့် စက်ရေတွင်းများကို နေရာဒေသအများအပြားတွင် တူးဖော်ပေးနေသကဲ့သို့ ကျေးရွာများ၌လည်း လက်ရိုက် ရေတွင်းများ တူးဖော်နိုင်ရေး ဆောင်ရွက်သွားရန်နှင့် ရေကန်များ မွမ်းမံပြုပြင် ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် သင်တန်းကျောင်းရှေ့ရှိ မြေကွက်လပ်၌ အထိမ်းအမှတ် ကံ့ကော်ပင်ကို စိုက်ပျိုးပေးပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ တိုင်းမှူးနှင့် ဝန်ကြီးများကလည်း ကံ့ကော်၊ ခရေနှင့် သရက်ပင်များကို စိုက်ပျိုးပေးကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ချောက်မြို့နယ် ရေတွင်းကျေးရွာအနီးရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်စက်ရုံ(ချောက်)သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်အား မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရည်မွန်က ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ် ထုတ်လုပ်နေမှု၊ လိုအပ်သော ကုန်ကြမ်းပစ္စည်းများ၊ ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်ကို စက်မှုလုပ်ငန်းများ၊ ကျန်းမာရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းများတွင် အသုံးပြုနေမှုနှင့် စက်ရုံမှ ထုတ်လုပ်သော ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်များအား ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ် အသုံးပြုနေမှုကို ရှင်းလင်းတင်ပြသည်။

**လိုအပ်သည်များမှာကြား**

ထို့နောက် ဝန်ကြီးချုပ်သည် ပင်မစက်ရုံနှင့် ကုန်ပစ္စည်းသိုလှောင်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်ကို စက္ကူပျော့ဖတ်နှင့် ချည်မျှင်နှင့် အထည်လုပ်ငန်းများတွင် အရောင်ချွတ်ရာ၌လည်းကောင်း၊ ရေနှင့် ရေဆိုးများသန့်စင်ရာတွင် လည်းကောင်း၊ ဓာတုဗေဒလုပ်ငန်းများ၊ ခန္ဓာကိုယ်သန့်စင်ရေးနှင့် အစားအစာများ သန့်စင်ပြုပြင် ထိန်းသိမ်းခြင်း လုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် သတ္တုတူးဖော် သန့်စင်ရေး လုပ်ငန်းများတွင်လည်းကောင်း အသုံးပြုနိုင်ကြောင်း သိရှိရသည်။

**ရှင်းလင်းပြသ**

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း အဆင့်မြင့် ကြွေသီးစက်ရုံ(ချောက်)သို့ ရောက်ရှိပြီး ကုန်ကြမ်းကြိတ်ခွဲနေမှု၊ သုတေသနဓာတ်ခွဲခန်း၌ လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပင်မစက်ရုံ၌ ကြွေသီးများထုတ်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရည်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် စက်ရုံခန်းမ၌ ဦးဆောင်ညွှန်ကြားရေးမှူးက စက်ရုံ တည်ဆောက်ခဲ့မှုနှင့် ထုတ်လုပ်မည့် အဆင့်မြင့်ကြွေသီးများ စမ်းသပ်ထုတ်လုပ်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က အဆင့်မြင့်ကြွေသီးများ မှာယူအသုံးပြုမည့် အခြေအနေကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က ဓာတ်အားလိုင်း တည်ဆောက်ရေးလုပ်ငန်းများတွင် ဤစက်ရုံမှ ထုတ်လုပ်သည့် ကြွေသီးများကို တပ်ဆင်အသုံးပြုနိုင်ရေးအတွက် လုပ်ငန်းများ အချိန်မီဆောင်ရွက်သွားရန်နှင့် အရည်အသွေးကောင်းမွန်ရေး၊ စံချိန်စံညွှန်းပြည့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်သည် ချောက်မြို့ရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၂) ရေနံချက်စက်ရုံ(ချောက်)သို့ ရောက်ရှိရာ စက်ရုံခန်းမ၌ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေးက စက်ရုံသမိုင်းအကျဉ်း၊ စက်ပစ္စည်းများနှင့် ချက်လုပ်နိုင်မှုပမာဏ၊ ရေနံမြေများမှ ရေနံစိမ်းရရှိမှုနှင့် ကုန်ချောထွက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးချုပ်က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး စက်ရုံအတွင်း မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။

**တွဲဖက်လုပ်ကိုင်**

ယင်းနောက် မွန်းလွဲပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ်သည် ချောက်မြို့နယ် ဓာတ်မြေကျေးရွာအုပ်စုရှိ တောင်သူ ဦးမြင့်ဆွေ၏လယ်မြေ၌ နွေစပါး အောင်မြင်ဖြစ်ထွန်းနေမှုနှင့် ရိတ်သိမ်းနေမှုတို့ကို လှည့်လည်ကြည့်ရှုပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံရာတွင် တောင်သူလယ်သမားများအနေဖြင့် ရေကို အကျိုးရှိစွာ အသုံးပြုပြီး စပါးနှင့် ဆည်ရေသောက်သီးနှံများ ပိုမိုတိုးချဲ့စိုက်ပျိုးသွားကြရန်၊ ရရှိလာသည့် ဝင်ငွေများကို ချွေတာစုဆောင်းကြရန်၊ မိမိတို့ ခက်ခဲပင်ပန်းစွာ ရှာဖွေထားရသည့် ငွေကြေးများဖြင့် လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်လာစေရေးနှင့် မိမိတို့၏ သားသမီးများ ပညာသင်ကြား တတ်မြောက်ရေးကို ဦးစားပေးလုပ်ကိုင်ဆောင်ရွက်သွားကြရန်၊ လိုအပ်သော မျိုး၊ ငွေကြေး၊ ဓာတ်မြေဩဇာ၊ နည်းပညာများကို သင့်လျော်သလို ပံ့ပိုးကူညီသွားနိုင်ရန်လည်း သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများက စီစဉ်ညှိနှိုင်း ဆောင်ရွက်ပေးသွားမှာဖြစ်၍ အဆိုပါ အခွင့်အလမ်းကောင်းကို အမိအရဆုပ်ကိုင်ပြီး ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ စိုက်ပျိုးရေးလုပ်ငန်းကိုသာမက မွေးမြူရေးလုပ်ငန်းများကိုလည်း အကျိုးအမြတ် ရရှိသည်အထိ အောင်မြင်အောင် တွဲဖက်လုပ်ကိုင် ဆောင်ရွက်ရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်သည် ချောက်မြို့နယ် စလေမြို့အနီးရှိ ဥမင်ကိုးပေါက် လျှပ်စစ်မြစ်ရေတင် စီမံကိန်းသို့ ရောက်ရှိရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနဝန်ကြီး ဦးဌေးဦးက ဥမင်ကိုးပေါက် လျှ
တည်ဆောက်ခဲ့မှု၊ စိုက်ပျိုးမြေဧက ၇၈၀၀ ကို ရေပေးဝေ
အတွင်း စိုက်ပျိုးလျက်ရှိသည့် သီးနှံများနှင့် စပါးစိုက်ဧက
များကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က မိမိ
အနေ၌ စိုက်ပျိုးရေးနိုင်ငံဖြစ်သဖြင့် စိုက်ပျိုးမြေရရှိနိုင်သ
စိုက်ပျိုးနိုင်အောင် ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ ဤ
ရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် ရေရရှိရေး
ထို့ကြောင့် စိုက်ပျိုးရေရရှိရေးအတွက် နည်းလမ်းပေါင်းစုံကို
သွားကြရန် လိုအပ်ကြောင်း၊ ယခုကဲ့သို့ မြစ်ရေတင်
သက်ရောက်မှုများ ပိုမိုထိရောက်အောင်မြင်စေရန် သက်ဆို
ညှိနှိုင်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း မှာကြားသ

**မြစ်ရေတင်လုပ်ငန်း**

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မြစ်ရေ
နေမှုနှင့် ပင်မတူးမြောင်း၌ ရေပေးဝေနေမှုတို့ကို ကြည့်

ထိုမှတစ်ဆင့် ဝန်ကြီးချုပ်သည် ရေနံချောင်းမြို့
STAR မော်တော်ဆိုင်ကယ် ထုတ်လုပ်ရေးလုပ်ငန်းသို့
ဒါရိုက်တာ ဒေါ်ဝင်းမော်ထွန်းက STAR မော်တော်ဆို

**တွေ့ဆုံမေးမြန်း**

**နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် ဆိပ်ဖြူမြို့ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၌ သင်တန်းသူများ၏ အိမ်တွင်းမှု ပညာရပ်များ သင်ကြားတတ်မြောက်မှုများကို ရင်းနှီးစွာ တွေ့ဆုံမေးမြန်းစဉ်။**

(သတင်းစဉ်)

**ရေနံချောင်းမြို့ ရေနံချောင်းစက်မှုဇုန်ရှိ STAR မော်တော်ဆိုင်ကယ် ထုတ်လုပ်ရေးလုပ်ငန်းမှ ထုတ်လုပ်သည့် မော်တော်ဆိုင်ကယ်များကိုတွေ့ရစဉ်။**

(သတင်းစဉ်)

## တွေ့ဆုံမေးမြန်း

**နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် ဆိပ်ဖြူမြို့ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၌ သင်တန်းသူများ၏ အိမ်တွင်းမှု ပညာရပ်များ သင်ကြားတတ်မြောက်မှုများကို ရင်းနှီးစွာ တွေ့ဆုံမေးမြန်းစဉ်။**

(သတင်းစဉ်)

## ကြည့်ရှုစစ်ဆေး

**နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် ဒေါင်းနေချောင်းတံတား စီမံကိန်း ရှင်းလင်းဆောင်စုရပ်မှ စီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

**နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် ရေနံချောင်းမြို့ ရေနံချောင်း စက်မှုဇုန်ရှိ STAR မော်တော်ဆိုင်ကယ် ထုတ်လုပ်ရေးလုပ်ငန်းမှ ထုတ်လုပ်ထားသော မော်တော်ဆိုင်ကယ်များကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

မှုနှင့် တင်ပို့ရောင်းချမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းတို့က လုပ်ငန်းပိုမိုတိုးတက် အောင်မြင်ရေးအတွက် ပံ့ပိုးပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

### တိုးချဲ့မြှင့်တင်

တင်ပြချက်များအပေါ် နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဆွေးနွေးမေးမြန်းပြီး နိုင်ငံတော်အနေဖြင့် စက်မှုကုန်ထုတ်လုပ်ငန်းများကို အားပေးပံ့ပိုးကူညီလျက်ရှိကြောင်း၊ လုပ်ငန်းရှင်များ၏ လိုအပ်ချက်များနှင့် နိုင်ငံတော်က ကူညီဖြည့်ဆည်းပေးရမည့် ကိစ္စများကို စိစစ်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းများ အောင်မြင်စွာလုပ်ကိုင်နိုင်ရေး၊ ပြည်တွင်း၌သာမက ပြည်ပနှင့်ပါ ချိတ်ဆက်၍ လုပ်ငန်းတိုးချဲ့မြှင့်တင်နိုင်ရေးတို့အတွက် ကြိုးစားဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် မှာကြားပြီး စက်ရုံအတွင်း မော်တော်ဆိုင်ကယ်များ ထုတ်လုပ်နေမှုကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဝန်ကြီးချုပ်သည် မကွေးမြို့နယ် ဒေါင်းနေကျေးရွာအနီး ဒေါင်းနေချောင်းပေါ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၄)က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ဒေါင်းနေချောင်းတံတားတည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က ရန်ကုန်-

ဝန်ကြီးဌာနဝန်ကြီး ဦးဌေးဦးက ဥမင်ကိုးပေါက် လျှပ်စစ်မြစ်ရေတင်စီမံကိန်း တည်ဆောက်ခဲ့မှု၊ စိုက်ပျိုးမြေဧက ၇၈၀၀ ကို ရေပေးဝေနေမှု၊ ရေသောက်ဧရိယာအတွင်း စိုက်ပျိုးလျက်ရှိသည့် သီးနှံများနှင့် စပါးစိုက်ဧက တိုးတက်လာမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က မိမိတို့နိုင်ငံသည် လက်ရှိအခြေအနေ၌ စိုက်ပျိုးရေးနိုင်ငံဖြစ်သဖြင့် စိုက်ပျိုးမြေရရှိနိုင်သရွေ့ကို တန်ဖိုးရှိအောင် စိုက်ပျိုးနိုင်အောင် ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ ဤသို့ စိုက်ပျိုးမြေတိုးချဲ့နိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် ရေရရှိရေးသည် အဓိကဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေရရှိရေးအတွက် နည်းလမ်းပေါင်းစုံကို ကြံဆစီမံပြီး ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ယခုကဲ့သို့ မြစ်ရေတင်စီမံကိန်းများ၏ အကျိုးသက်ရောက်မှုများ ပိုမိုထိရောက်အောင်မြင်စေရန် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း မှာကြားသည်။

### မြစ်ရေတင်လုပ်ငန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မြစ်ရေတင်လုပ်ငန်း ဆောင်ရွက်နေမှုနှင့် ပင်မတူးမြောင်း၌ ရေပေးဝေနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးချုပ်သည် ရေနံချောင်းမြို့ ရေနံချောင်းစက်မှုဇုန်ရှိ STAR မော်တော်ဆိုင်ကယ် ထုတ်လုပ်ရေးလုပ်ငန်းသို့ ရောက်ရှိရာ မန်နေဂျင်းဒါရိုက်တာ ဒေါ်ဝင်းမော်ထွန်းက STAR မော်တော်ဆိုင်ကယ်များ ထုတ်လုပ်နေ

ပြည်-မကွေး-ရေနံချောင်း-မိတ္ထီလာ-မန္တလေး ပြည်ထောင်စုလမ်းပေါ်ရှိ ဒေါင်းနေချောင်းတံတားကို သံကူကွန်ကရစ် နှစ်လမ်းသွား တံတားကြီးအဖြစ် တည်ဆောက်နေမှု၊ တံတားအောက်ခြေထည် ဘိုးပိုင်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

### ဖြည့်ဆည်းဆောင်ရွက်

နိုင်ငံတော်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ရှင်းလင်းဆောင်ရှုရပ်မှနေ၍ စီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

ဒေါင်းနေချောင်းတံတားမှာ အရှည် ၁၇၈၅ ပေရှိပြီး တံတားပေါ်တွင် အကျယ် ၂၄ ပေရှိ ယာဉ်သွားလမ်းနှင့် တစ်ဖက်လျှင် နှစ်ပေစီရှိသည့် လူသွားလမ်းတို့ ပါရှိမည်ဖြစ်သည်။ တံတားအောက်ထည်မှာ ဘိုးပိုင်အုတ်မြစ် သံကူကွန်ကရစ်တိုင်အမျိုးအစားဖြစ်ပြီး အပေါ်ထည်မှာ ကြိုတင်အားဖြည့် သံကူကွန်ကရစ် ရက်မနှင့် သံကူကွန်ကရစ်ကြမ်းခင်း အမျိုးအစားဖြစ်သည်။ တံတား၏ ယာဉ်တစ်စီးချင်း ခွင့်ပြုဝန် အလေးချိန်မှာ တန် ၆၀ ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဒေါင်းနေချောင်းတံတား တည်ဆောက်ရေးစီမံကိန်းမှ ဆက်လက်ထွက်ခွာလာရာ ညနေပိုင်းတွင် မကွေးမြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၅-၆-၂၀၁၀ (အင်္ဂါနေ့)**

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ မေတ္တာသုတ်
- ၅း၁၅ MRTV-4 သတင်း
- ၆း၀၀ "ခန္ဓာ့စက်ရဲ့ မြေဆွေးပုံ" တရားတော် (ဆရာတော် အရှင်ပညိန္ဒာဓိဝံသ)
- ၆း၅၅ သံတွဲမြို့မှ အံ့ဖွယ်ထူးခြား သုံးဆူဘုရား
- ၇း၀၀ MRTV-4 သတင်း
- ၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၇)**
- ၈း၃၀ Sports World
- ၈း၅၅ ကိုယ်ရောက်နေတဲ့ကိုယ့်နေရာ "တော်ဝင်မိသားစုကုမ္ပဏီဥက္ကဋ္ဌ ဦးကိုကိုထွေးနှင့်တွေ့ဆုံခြင်း" (အပိုင်း-၁)
- ၉း၁၅ ကုသိုလ်အမျှညီတူရစေ များဝေနေ
- ၉း၃၅ Sunday Talk
- ၁၀း၂၅ ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးဟု ထင်ပေါ် မန္တလေးမြို့က ကျောက်စာတော်စေတီတော်
- ၁၀း၄၅ စက်မှုကုန်ကြမ်းသီးနှံပီလောပီနံ
- ၁၀း၅၅ အယသမင်္ဂီတို့ဖြစ်တည်ရာ
- ၁၁း၀၀ အိမ်တွင်းပုန်းများမကြည့်ရ (နေတိုး၊ သက်မွန်မြင့်) (ဒါရိုက်တာ-ဇာဂနီထက်လင်း)
- ၁၁း၂၀ Cartoon Show Time (Cinderella III)
- ၁၂း၀၀ နွေ၊ မိုး၊ ဆောင်းဥတုသုံးမျိုး၏ လက်တွဲဖော်မွန်
- ၁၂း၁၅ ကျန်းမာလှပတဲ့ဘဝပိုင်ဆိုင်ဖို့ ယောဂကျင့်စဉ်ကျင့်ကြစို့
- ၁၂း၄၀ မပြုမပြင်သဘာဝအသွင် ကျန်းမာရေးအတွက် မြကျောက်ရေစင်
- ၁း၀၀ "ခန္ဓာ့စက်ရဲ့ မြေဆွေးပုံ" တရားတော် (ဆရာတော်အရှင်ပညိန္ဒာဓိဝံသ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၄၅ Fashion Music Festival (Rock Beach)
- ၃း၂၀ မေတ္တာသည်သာ တတ်စွမ်းနိုင်တာ
- ၃း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၇)**
- ၄း၀၅ တေးဂီတအစီအစဉ်
- ၄း၁၅ ကုသိုလ်အမျှ ညီတူရစေ များဝေနေ
- ၄း၃၅ Korea Seoul မြို့မြင်ကွင်း
- ၅း၀၀ ကိုယ်ရောက်နေတဲ့ကိုယ့်နေရာ "တော်ဝင်မိသားစုကုမ္ပဏီဥက္ကဋ္ဌ ဦးကိုကိုထွေးနှင့်တွေ့ဆုံခြင်း (အပိုင်း-၁)
- ၅း၁၀ Road to Highest Competition (Mexico)
- ၅း၄၀ Celebrity Style (နန်ဆုရတီစိုး)
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Cartoon Show Time (Cinderella III)
- ၆း၅၅ Fashion Music Festival (Rock Beach)
- ၇း၂၅ Korea Seoul မြို့မြင်ကွင်း
- ၈း၀၀ MRTV-4 သတင်း
- ၈း၁၀ World Of Knowledge (Seconds From Disaster; Motorway Plane Crash)
- ၉း၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၇)**
- ၁၀း၀၀ Celebrity Style (နန်ဆုရတီစိုး)
- ၁၀း၁၅ သင်ကြားရေးလမ်းညွှန် (MHR သင်တန်းကျောင်း)
- ၁၀း၄၀ နွေ၊ မိုး၊ ဆောင်းဥတုသုံးမျိုး၏ လက်တွဲဖော်မွန်
- ၁၀း၅၅ အိမ်တွင်းပုန်းများမကြည့်ရ (နေတိုး၊ သက်မွန်မြင့်) (ဒါရိုက်တာ-ဇာဂနီထက်လင်း)
- ၁၁း၀၅ အနွေးထွေးဆုံးလက်တစ်စုံ
- ၁၁း၂၀ အယသမင်္ဂီတို့ဖြစ်တည်ရာ
- ၁၁း၃၀ ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးဟု ထင်ပေါ် မန္တလေးမြို့က ကျောက်စာတော်စေတီတော်
- ၁၁း၄၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁း၀၀ အစီအစဉ်ပြီး။

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

## သုံးခွ-နံ့ယော ကျေးလက်ဂဝံလမ်း ပြုပြင်

**ရန်ကုန် ဇွန် ၁၄**

သုံးခွမြို့နယ်အတွင်းရှိ သုံးခွ-နံ့ယောကျေးလက်လမ်း ဂဝံလမ်းပျက်စီးနေမှုများအား ဇွန် ၇ ရက်က ပြုပြင်ဆောင်ရွက်ရာ သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်မျိုးလှိုင် ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(မြို့နယ်စည်ပင်)

ဥတုရာသီ တောကို မှီ၍

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၅-၆-၂၀၁၀ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ အင်္ဂုဇယမင်္ဂလာ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၆။ ကန့်ဘလူမြို့ ပြည်သူ့ဆေးရုံကြီး
- ၈း၀၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈း၁၀ ၈။ အတီးပြိုင်ပွဲ
- ၈း၂၀ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈း၃၀ ၁၀။ Local Talent
- ၈း၄၀ ၁၁။ International News
- ၈း၄၅ ၁၂။ "သုံးပင်နှစ်ဆယ်"
- ၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၃း၃၀ ၁။ Myanmar National League MNL Cup (2010) ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှု အစီအစဉ် (မကွေး FC နှင့် မနော်မြေ FC )
- ၅း၀၀ ၂။ ရင်မှာစွဲထင်တေးအလှဆင်
- ၅း၁၀ ၃။ "မိုးကုတ်မြေမှ စာပေဘဏ်တိုက်တို့အင်အား စာကြည့်တိုက်"
- ၅း၂၅ ၄။ Football Planet (၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပွဲကြိုသုံးသပ်ချက်)
- ၅း၄၅ ၅။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (နယူးဇီလန်အသင်းနှင့် စလိုဗက်ကီးယားအသင်း)
- ၈း၀၀ ၆။ ပြည်တွင်းသတင်း
- ၇။ နိုင်ငံတကာသတင်းများ
- ၈။ မိုးလေဝသအခြေအနေ
- ၉။ ငါတို့ခွန်အား (မျိုးကြီး၊ တေးရေး-လင်းလင်း)
- ၁၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အဆိပ်သင့်တဲ့အချစ်" (ဒုတိယပိုင်း) (အပိုင်း-၁)**
- ၁၁။ ရုပ်ရှင်ပဟေဠိ
- ၁၂။ အစီအစဉ်ပြီး၏။

## အမှာစကား ပြောကြား

**ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ၂၀၁၀ ခုနှစ် ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။**

(သတင်းစဉ်)

# သွေးလှူရှင်များ ဂုဏ်ပြုပွဲကို နှစ်စဉ် ဒီဇင်ဘာ ၁၄ ရက်တွင် ကျင်းပပေးခဲ့ နိုင်ငံတော်အနေဖြင့်လည်း လူမှုထူးချွန်ဆုတံဆိပ်များကို နှစ်စဉ်ချီးမြှင့်ပေးခဲ့

နေပြည်တော် ဇွန် ၁၄

**ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၁၀ ခုနှစ် ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။**

အဆိုပါ အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခများ၊ ဆေးရုံအုပ်ကြီးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ခေတ္တဌာနေကိုယ်စားလှယ် Dr. Leonard Ortega နှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကျေးလက်ဒေသအောက်ခြေအထိ ကျန်းမာရေးပညာပေးခြင်း၊ ရောဂါကာကွယ်တားဆီးခြင်း၊ ရောဂါဖြစ်ပွားလျှင် ထိရောက်စွာ ကုသမှုပေးခြင်းဆိုသည့် နည်းလမ်း သုံးသွယ်နှင့် ကျင့်သုံးဆောင်ရွက်နေကြောင်း။

ထိရောက်စွာ ကုသပေးခြင်းအပိုင်းမှာ အဓိကလုပ်ငန်းတစ်ရပ်အနေနှင့် ပါဝင်သည့် သွေးသွင်းကုသမှု၊ သွေးဘဏ်လုပ်ငန်းများကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ လိုအပ်သည့် ကျွမ်းကျင်ဝန်ထမ်းများ၊ ပညာရှင်များ ဖြည့်ဆည်းပေးခြင်း၊ လိုအပ်သည့် ပစ္စည်းကိရိယာများ ခေတ်မီအောင် အဆင့်အတန်း တိုးတက်မြင့်မားအောင် မြှင့်တင်ပေးခြင်း၊ သင့်လျော်သည့် နေရာနှင့် အဆောက်အအုံများရရှိအောင် ဖြည့်ဆည်းပေးခြင်းများကို စီမံဆောင်ရွက်လျက်ရှိကြောင်း။

သာဓကအားဖြင့် အမျိုးသားသွေးဌာန အဆောက်အအုံသစ်ကို ကျန်းမာရေးဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံ ကြက်ခြေနီအသင်းတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ၂၀၁၀ ခုနှစ် မတ် ၁၆ ရက်တွင် စတင်ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ အမျိုးသားသွေးဌာန အဆောက်အအုံသစ်မှာ နိုင်ငံတကာအဆင့်မီ စက်ပစ္စည်း အမျိုးအစားပေါင်း ၆၇ မျိုးကိုလည်း တပ်ဆင်ပေးနိုင်ခဲ့ကြောင်း၊ အမျိုးသားသွေးဌာန အဆောက်အအုံ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းနှင့် စက်ပစ္စည်းများ တပ်ဆင်ခြင်းအတွက် စုစုပေါင်း အမေရိကန်ဒေါ်လာ ခုနစ်သိန်းလေးသောင်းကျော် အကုန်အကျခံခဲ့ကြောင်း၊ ယခုအခါ အဆိုပါအမျိုးသားသွေးဌာန အဆောက်အအုံအသစ်ပေါ်ပေါက်လာမှုကြောင့် အမျိုးသားသွေးဌာန၏ လုပ်ငန်းတာဝန်များကို နိုင်ငံတကာအဆင့်မီ ပိုမိုအဆင့်အတန်းမြင့်မားစွာ ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း။

ယနေ့ အချိန်အခါမှာဆိုလျှင် စက်မှုသိပ္ပံနည်းပညာများ တိုးတက်လာသည့်အတွက် သွေးမှ သွေးပစ္စည်း အမျိုးမျိုးကို ခွဲခြားပြီး ရောဂါအလိုက် လိုအပ်သည့် အမျိုးအစားကို ထုတ်ယူပြီး ပေးသွင်းကုသနိုင်နေပြီဖြစ်ကြောင်း၊ သို့သော် လူ့သွေးကို အစားထိုးပြုလုပ်၍ မရနိုင်သေးကြောင်း၊ လူ့ခန္ဓာကိုယ်က သွေးသည် မရှိမဖြစ် လိုအပ်သည့် အရေးကြီးသော အစိတ်အပိုင်းအဖြစ် ရပ်တည်နေဆဲဖြစ်ကြောင်း၊ လူ၏ခန္ဓာကိုယ်က သွေးကို ထုတ်ပစ်လိုက်မည်ဆိုရင် အသက်ရှင်ခြင်းဆိုတာ မဖြစ်နိုင်သည့်အတွက် သွေးသည် အသက်လို့ သတ်မှတ်ရခြင်းဖြစ်ကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေနှင့် မိမိအသက်ကို ပဓာနမထားဘဲ ဇီဝိတဒါနဖြစ်မြောက်အောင် လှူဒါန်းခဲ့ကြသည့် သွေးလှူရှင်များကို အသိအမှတ်ပြု ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် ကမ္ဘာ့သွေးလှူရှင်များနေ့ အခမ်းအနားများကိုလည်း နှစ်စဉ် ဇွန် ၁၄ ရက်တွင် ကျင်းပပေးလျက်ရှိကြောင်း၊ ထို့အပြင် သွေးလှူရှင်များ ဂုဏ်ပြုပွဲကို နှစ်စဉ် ဒီဇင်ဘာ ၁၄ ရက်တွင် ကျင်းပပေးခဲ့ကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း လူမှုထူးချွန်ဆု တံဆိပ်များကို နှစ်စဉ် ချီးမြှင့်ပေးခဲ့ကြောင်း။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက စေတနာသွေးလှူရှင်များ တိုးပွားလာရေးနှင့် သွေးကောင်းသွေးသန့်များ ရရှိသုံးစွဲနိုင်ရေးတို့ကို ရည်ရွယ်ပြီး ၂၀၀၄ ခုနှစ်မှစ၍ နှစ်စဉ် ဇွန် ၁၄ ရက်ကို ကမ္ဘာ့သွေးလှူရှင်များနေ့ဟု သတ်မှတ်ပြီး ဂုဏ်ပြုပွဲများ ကမ္ဘာအနှံ့ ကျင်းပပေးလျက်ရှိကြောင်း။

အကြောင်းတိုက်ဆိုင်၍ ပြောရလျှင် ကျောက်ကပ်အစားထိုးကုသခြင်း၊ အသည်းအစားထိုးကုသခြင်း စသည့် ခန္ဓာကိုယ်အစိတ်အပိုင်းများ အစားထိုးကုသခြင်း၊ အရေးပေါ် ထိခိုက်ဒဏ်ရာရ၍ သွေးအရေးတကြီး ပေးခဲ့ရခြင်းများ ပြုလုပ်သည့်နေရာမှာ စေတနာသွေးလှူရှင်များ၏ သွေးပုလင်းပေါင်းများစွာနှင့် ခွဲစိတ်ကုသခဲ့ရကြောင်း၊ မြန်မာ့ဆေးလောကသမိုင်းတွင် မော်ကွန်းကမ္ပည်းတင်ရမည့် ခန္ဓာကိုယ် အစိတ်အပိုင်းများ အစားထိုးခွဲစိတ်ကုသမှုများ အောင်မြင်ခြင်းသည် စေတနာသွေးလှူရှင် ရဟန်း ရှင် လူပြည်သူများ၏ သွေးများကို အခြေခံပြီး ခွဲစိတ်ကုသရခြင်းကြောင့် သွေးလှူရှင်များအားလုံးကို အထူးကျေးဇူးတင် ဂုဏ်ပြုပါကြောင်း၊

စေတနာသွေးလှူရှင်များ တိုးတက်များပြားလာအောင် အဘက်ဘက်မှ ပါဝင်ပံ့ပိုးခဲ့ကြသည့် စေတနာရှင်များ အားလုံးကို အထူးကျေးဇူးတင်ဂုဏ်ပြုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ခေတ္တဌာနေကိုယ်စားလှယ် Dr. Leonard Ortega က အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း ပြသထားသည့် ၂၀၁၀ ခုနှစ် ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ် ပြခန်းငယ်အား လှည့်လည်ကြည့်ရှု အားပေးကြသည်။

ယခုနှစ် ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ်ဆောင်ပုဒ်မှာ "New Blood For The World" "လူငယ်အများ သွေးသန့်စင်၊ အသက်ကယ်ကြစို့ ကမ္ဘာတစ်ခွင်" ဖြစ်သည်။

(သတင်းစဉ်)

**ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ခေတ္တဌာနေကိုယ်စားလှယ် Dr. Leonard Ortega အမှာစကား ပြောကြားစဉ်။**

(သတင်းစဉ်)

# မြန်မာ MEIG နှင့် ဗီယက်နမ်ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး သဘောတူလက်မှတ်ရေးထိုး

**ရန်ကုန် ဇွန် ၁၄**

မြန်မာနှင့် ဗီယက်နမ် နှစ်နိုင်ငံအကျိုးတူစီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ Myanmar Enterpreneurs Investment Group (MEIG) နှင့် ASV Holdings (ဗီယက်နမ်) တို့၏ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး သဘောတူလက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဇွန် ၁၃ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်း မင်္ဂလာဒုံဥယျာဉ်မြို့တော်ရှိ ဇေကမ္ဘာကုမ္ပဏီလီမိတက်၌ ကျင်းပရာ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phung၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးခင်မောင်စိုး၊ ဇေကမ္ဘာကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် တာဝန်ရှိသူများ၊ BIDV ဥက္ကဋ္ဌ Mr. Tran Vae Ha၊ ASV Holdings ဥက္ကဋ္ဌ Mr. Le Tuan နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ဇေကမ္ဘာကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ ဗီယက်နမ်နိုင်ငံမှ BIDV ဥက္ကဋ္ဌ Mr. Tran Vae Ha၊ ASV Holdings ဥက္ကဋ္ဌ Mr. Le Tuan နှင့် တာဝန်ရှိပုဂ္ဂိုလ်များက အမှာစကား ပြောကြားကြသည်။ ယင်းနောက် Myanmar Enterpreneurs Investment Group (MEIG) ဥက္ကဋ္ဌ ဦးဇေသီဟနှင့် ASV Holdings ဥက္ကဋ္ဌ Mr. Le Tuan တို့က အကျိုးတူ သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ဒေါက်တာခင်ရွှေက BIDV ဥက္ကဋ္ဌ Mr. Tran Vae Ha ကို လည်းကောင်း၊ ဥက္ကဋ္ဌ ဦးဇေသီဟက ASV Holdings ဥက္ကဋ္ဌ Mr. Le Tuan ကို လည်းကောင်း အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

**Myanmar Enterpreneurs Investment Group (MEIG) နှင့် ASV Holdings (ဗီယက်နမ်)တို့၏ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး သဘောတူလက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် အကျိုးတူသဘောတူစာချုပ်များကို လက်မှတ်ရေးထိုးကြစဉ်။** (သတင်းစဉ်)

**မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် အမျိုးသားလက်ရွေးစင်ဘော်လီဘောအသင်းကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တွေ့ရစဉ်။**

(ဘော်လီဘောအဖွဲ့ချုပ်)

# မြန်မာအမျိုးသား လက်ရွေးစင်ဘော်လီဘောအသင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဇွန် ၁၄**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ Zhenjiang မြို့၌ ကျင်းပပြီးစီးသွားသည့် 2010 Asian Men's Club Volleyball Championship ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သော ဦးသိန်းဝင်း ခေါင်းဆောင်သည့် Asian World Club အမည်ဖြင့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် အမျိုးသားလက်ရွေးစင် ဘော်လီဘောအသင်းသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ ပြိုင်ပွဲတွင် ပထမ အီရန်၊ ဒုတိယ Qatar၊ တတိယ ဂျပန်၊ စတုတ္ထ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပဉ္စမ Kazakhstan၊ ဆဋ္ဌမ ထိုင်း၊ သတ္တမ ဗီယက်နမ်၊ နဝမ အင်ဒိုနီးရှား၊ ဒသမ Uzbekistan နှင့် အဆင့် ၁၁ ဘာရိန်းတို့က အသီးသီးရရှိသွားကြသည်။

မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် အမျိုးသားလက်ရွေးစင် ဘော်လီဘောအသင်းသည် ပြိုင်ပွဲဝင် ၁၁ သင်းအနက် အဆင့်(၈) ရရှိခဲ့ပြီး အာရှအဆင့်ရှိ နိုင်ငံတကာ ဘော်လီဘောပြိုင်ပွဲ အတွေ့အကြုံကြွယ်ဝသော ပြိုင်ဘက်အသင်းများနှင့် ထိတွေ့ယှဉ်ပြိုင်ကစားခဲ့ခြင်းကြောင့် မြန်မာဘော်လီဘောအသင်းအနေဖြင့် ၂၀၁၁ ခုနှစ် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများအတွက် ကြိုတင်လက်ရည်သွေးသည့် ပြိုင်ပွဲဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# ကျောင်းဆောင်သစ်များဖွင့်ပွဲနှင့် ပညာသင်ထောက်ပံ့ပစ္စည်း ပေးအပ်ပွဲကျင်းပ

**နေပြည်တော် ဇွန် ၁၄**

ကျောင်းဆောင်သစ်များဖွင့်ပွဲ၊ ပညာသင်ထောက်ပံ့ပစ္စည်းပေးအပ်ခြင်းနှင့် ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေပေးအပ်ခြင်း အခမ်းအနားကို ဇွန် ၁၃ ရက် နံနက် ၉ နာရီတွင် နေပြည်တော်တပ်ကုန်း အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ရှေးဦးစွာ မက်စ်မြန်မာကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ ဦးအုန်းကျော်၊ မြို့နယ်ဥက္ကဋ္ဌ ဦးနေအောင်နှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးမြင့်ကြည်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးပြီး**(ယာပုံ)** ပညာရေးဝန်ကြီးဌာန၊ အမှတ်(၂) အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ရွှေက ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးသည်။ ထို့နောက်မက်စ်မြန်မာကုမ္ပဏီက အသစ်ဆောက်လုပ်လှူဒါန်းသည့် လေးခန်းတွဲတစ်ထပ် ကွန်ကရစ်ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပသည်။

ဆက်လက်၍ နေပြည်တော်တပ်ကုန်းမြို့နယ်အတွင်း ကျောင်းနေရန်ခက်ခဲသည့် ကျေးရွာအုပ်စု ၃၉ အုပ်စုမှ ကျောင်းသား၊ ကျောင်းသူ ၂၁၅ ဦးအား စာရေးကိရိယာနှင့် ပညာသင်ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ပြီး နေပြည်တော်တပ်ကုန်း အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ခြောက်ဘာသာ ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား မောင်အာကာထက်နိုင်အား ပညာသင်ထောက်ပံ့ငွေကျပ် ၅၀၀၀၀၀ ကို လည်းကောင်း၊ ကျောင်းခြောက်ကျောင်း ပြုပြင်ရန်၊ ကျေးရွာရေပေးရေးနှင့် လမ်းတံတားများ ပြုပြင်ရန်အတွက် အလှူငွေကျပ် ၃၆၄ သိန်းကို လည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန် ဇွန် ၁၄

# Envoy
## သတင်းတမန်ဂျာနယ်ထွက်ရှိ

သတင်းတမန်ဂျာနယ်ကို အမြင်သစ် အသွင်သစ်ဖြင့် ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။ အဆိုပါဂျာနယ်တွင် ဒဂုန်တာရာ၊ ဆရာသာဂဒိုး၊ ဆရာမကြီး (ဒေါ်)ခင်စောတင့်နှင့် ဆရာတိုင်းအောင်တို့၏ ရှားပါးဆောင်းပါးများနှင့်အတူ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံခြင်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်များ တရားဝင်မှတ်ပုံတင်ခြင်းကာလ တိုးမြှင့်၊ မှတ်ပုံတင်မဲ့များကို ဇူလိုင်လတွင် နိုင်ငံပိုင်သိမ်းဆည်းမည်၊ ဇွန် ၂၆ ရက် တစ်စိတ်တစ်ပိုင်း လကြတ်မှုဖြစ်စဉ်ကို မြန်မာနိုင်ငံမှ (မိုးရွာသွန်းခြင်းမရှိပါက) ၄၅ မိနစ်ကြာ မြင်တွေ့ရနိုင်၊ မြန်မာနိုင်ငံတွင် အိန္ဒိယနိုင်ငံ Essar ကုမ္ပဏီမှ အဆင့်မြင့်သယ်ယူပို့ဆောင်ရေးစီမံကိန်း ထူထောင်ရန်ရှိ၊ ရတနာဓာတ်ငွေ့ရည်မှ ရန်ကုန်သို့ သဘာဝဓာတ်ငွေ့ စတင်ပို့လွှတ် စသည့် စိတ်ဝင်စားဖွယ် သတင်းဆောင်းပါးများ၊ နှလုံးသားဆန္ဒနဲ့ ကံကြမ္မာထပ်တူကျပါစေလို့ ဆုတောင်းနေတဲ့ စိုင်းစိုင်းခမ်းလှိုင်၊ ခံစားချက်တွေများလွန်းလို့ အချစ်နဲ့ပတ်သက်ပြီး ဘာမှမပြောချင်တော့ဘူး ဆိုတဲ့ ဝတ်မှုန်ရွှေရည်တို့ရဲ့ နှလုံးသားရေးရာ အင်တာဗျူး၊ လိုချင်တာမရရင် အဖေဆီဖုန်းဆက်တတ်တဲ့ မင်းသမီးလင်းဇာနည်ဇော်တို့သားအမိရဲ့ မင်းသမီးရေးတဲ့စာကဗျာ၊ ပိုလန်သမ္မတ သေဆုံးခဲ့ရတဲ့ လေယာဉ်ပျက်ထဲက အကြွေးဝယ်ကတ်တွေကို ဘယ်သူတွေခိုးယူခဲ့တာလဲ စသည့် ပရိသတ်သိချင်သည့် သတင်းစစ်၊ သတင်းမှန်များကိုသာ သယ်ဆောင်လာသည့် Envoy သတင်းတမန်ဂျာနယ်ကို စာဖတ်သူများထံ ဇွန် ၁၅ ရက်တွင် ဖြန့်ချိလိုက်ကြောင်း၊ သတင်းစာမူ၊ ကြော်ငြာ၊ ဖြန့်ချိရေးကိစ္စအဝဝကို အမှတ်(၄ လွှာ/ ဘီ) မြေနီကုန်းပလာဇာ စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၁၂၇၇၁သို့ ဆက်သွယ်နိုင်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

## စာအုပ်စာပေ လူ့မိတ်ဆွေ

## (၁၉) ကြိမ် မြောက် ၂၀၁၀ က မ္ဘာ့ ဖ လား ဘော လုံး ပြိုင် ပွဲ မြင် ကွင်း

# အကောင်းဆုံးခြေစွမ်းပြပြီး နယ်သာလန်က ဒိန်းမတ်ကိုနိုင်

ဂျိုဟန်နစ္စဘတ် ဇွန် ၁၄

**၂၀၁၀ကမ္ဘာ့ဖလားပြိုင်ပွဲအုပ်စု (E) ရဲ့ပွဲစဉ်တစ်ပွဲဖြစ်တဲ့ နယ်သာလန်အသင်းနဲ့ ဒိန်းမတ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နယ်သာလန်အသင်းက နှစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိသွားပါတယ်။**

### အနိုင်သေချာရေး

နယ်သာလန်အသင်းနည်းပြ ဗန်မားဝစ်ဟာ ပွဲဦးထွက်အနိုင်သေချာစေရေးအတွက် စတီကလင်းဘတ်၊ ဟိုင်တင်ဂါ၊ မာသီဂျဆန်၊ ဘရွန်ခရော့ချ်၊ ဗန်ဒါဝီလ်၊ ဒီဂျုန်း၊ ရှနိုက်ဒါ၊ ဗန်ဘွန်မဲလ်၊ ဗန်ဒါဗက်၊ ဒရက်ကောက်နဲ့ ဗန်ပါစီတို့ကို ပွဲထွက်ကစားစေခဲ့ပါတယ်။ မော်တန်ပါအိုဆန်ရဲ့ ဒိန်းမတ်အသင်းမှာတော့ ဆိုရန်ဆန်၊ ဂျာကော့ဆန်၊ ကေဂျာ၊ ဂျော်ဂျင်ဆန်၊ သောမတ်ကာလန်ဘတ်၊ ခရစ္စတီယန်ပေါလ်ဆန်၊ ဆိုင်မွန်ပေါလ်ဆန်၊ ရိုမီဒယ်လ်၊ ဘန်တနာနဲ့ တိုမတ်ဆင်စတဲ့ အဓိက ကစားသမားများနဲ့ နယ်သာလန်အသင်းကို ပြန်လည်ရင်ဆိုင်လာခဲ့ပါတယ်။

### ဦးဆောင်ဂိုး

ဒိန်းမတ်အသင်းဟာ ကစားကွက်၊ ကစားသမားပိုင်းမှာ နယ်သာလန်အသင်းကို မယှဉ်နိုင်ပေမယ့် ခံစစ်အသွင်နဲ့ မကစားဘဲ ပြန်လည်တိုက်စစ်ဆင်ကစားခဲ့ပါတယ်။ ရှနိုက်ဒါ၊ ဗန်ဒါဗက်၊ ဒရက်ကောက်နဲ့ ဗန်ပါစီတို့ရဲ့ တွဲလုံးတွေနဲ့ဂိုးရရှိရေး ထိုးဖောက်တိုက်စစ်ဆင်လာတဲ့ နယ်သာလန်အသင်းဟာ ပွဲချိန်ကြာလာတာနဲ့အမျှ ဒိန်းမတ်အသင်းဘက်ကိုပိုမိုဖိအားပေးလာနိုင်ခဲ့ပါတယ်။ ဒါ့ပြင် ကွင်းလယ်က ရှနိုက်ဒါနဲ့ ညာတောင်ပံက ဒရက်ကောက်တို့ရဲ့ ထိုးဖောက်မှုကလည်း ထိရောက်မှုရှိခဲ့ပါတယ်။ ဒါပေမယ့် ကစားကွက်အသာစီးရယူနိုင်ခဲ့တဲ့ နယ်သာလန်အသင်းဟာ ပထမပိုင်းမှာ ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ ဒုတိယပိုင်းပွဲအစ ၄၆ မိနစ်ရောက်မှ ဂိုးစတင်ရရှိခဲ့ပါတယ်။ ဒီဂိုးကတော့ နယ်သာလန်အသင်း ဘယ်တောင်ပံက ဂိုးရှေ့ ဖြတ်တင်ပေးတဲ့ ဘောလုံးကို ဒိန်းမတ်အသင်းကစားသမား ဆိုင်မွန်ပေါလ်ဆန် ခေါင်းတိုက်ဖျက်ထုတ်ရာ ဝီလျံတာဗစ်နဲ့ ထိပြီး ဂိုးဝင်သွားတာကြောင့် နယ်သာလန်အသင်း ဦးဆောင်ဂိုးရရှိခဲ့တာပဲဖြစ်ပါတယ်။

**ဒိန်းမတ်အသင်းမှ ဆိုင်မွန်ပေါလ်ဆန် ခေါင်းတိုက်ဖျက်ထုတ်ရာမှ ဂိုးဝင်သွားစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

အဲဒီနောက်ပိုင်းမှာ နယ်သာလန်အသင်းဟာ နောက်ထပ်အနိုင်ဂိုးထပ်မံရရှိရေးအတွက် တရစပ်တိုက်စစ်ဆင်လာခဲ့ရာ ပွဲချိန် ၈၅ မိနစ်မှာ တိုက်စစ်မှူး အယ်လ်လီယာရဲ့ ကန်သွင်းမှု ဂိုးတိုင်ထိပြီးပြန်ထွက်လာတာကို ဒရက်ကောက်က အသာအယာပိတ်သွင်းပြီး နယ်သာလန်အတွက် ဒုတိယဂိုးကို ရယူနိုင်ခဲ့ပါတယ်။ ဒီပွဲကိုပရိသတ် ၈၃၀၀၀ လာရောက်ကြည့်ရှုခဲ့ပြီး အကောင်းဆုံး ကစားသမားဆုကိုတော့ နယ်သာလန်ကွင်းလယ်ကစားသမား ဒီဂျုန်းကရရှိသွားပါတယ်။

### ဂျပန် ၁ - ၀ ကင်မရွန်း

ယနေ့ညရဲ့ ဒုတိယပွဲစဉ်အဖြစ် ဂျပန်အသင်းနဲ့ ကင်မရွန်းအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျပန်အသင်းက တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိသွားပါတယ်။ ဂျပန်အသင်းအတွက် ဂိုးကို ပွဲချိန် ၃၉ မိနစ်မှာ ကွင်းလယ်ကစားသမား ဟွန်ဒါက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

### ဂျာမနီ ၄ - ၀ ဩစတြေးလျ

တနင်္ဂနွေ နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ဂျာမနီနဲ့ဩစတြေးလျတို့ပွဲမှာ ဂျာမနီက လေးဂိုး- ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပါတယ်။ ဂျာမနီအတွက် ဂိုးများကို ပွဲချိန် ရှစ်မိနစ်မှာ ပိုဒေါစကီး၊ ၂၇ မိနစ်မှာ ကလိုဆေး၊ ၆၈ မိနစ်မှာ မူလားနဲ့ မိနစ် ၇၀ မှာ ကာကူးတို့က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ ဒီပွဲမှာ ဩစတြေးလျ ကစားသမား တင်ကာဟေးလ် အနီကတ်ပြ ထုတ်ပယ်ခြင်းခံခဲ့ရပါတယ်။

**ဝင်းတင်(ကြေးမုံ)**

# မြောက်ကိုရီးယားကို အနိုင်ယူရန် ဘရာဇီးအဆင်သင့်ဖြစ်နေ အိုင်ဗရီကို့စ်နှင့်ပေါ်တူဂီချိန်ခွင်လျှာညီ



**၂၀၁၀ ကမ္ဘာ့ဖလား အုပ်စု (F)နဲ့ အုပ်စု (G )ပွဲစဉ်များအဖြစ် နယူးဇီလန်နဲ့ ဆလိုဗက်ကီးယား၊ အိုင်ဗရီကို့စ်နဲ့ ပေါ်တူဂီ၊ ဘရာဇီးနဲ့ မြောက်ကိုရီးယားတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။**

**နယူးဇီလန်-ဆလိုဗက်ကီးယား**
**၁၅-၆-၂၀၁၀၊ ညနေ ၆ နာရီ**

သမုဒ္ဒရာပိုင်းဇုန်ကတက်လာတဲ့ နယူးဇီလန်အသင်းဟာ နည်းပြရစ်ကီဟားဘတ်လက်ထက်မှာ ရလဒ်ပိုင်းအတော်အသင့်ကောင်းမွန်တဲ့ အသင်းလို့ဆိုရမှာပါ။ နယူးဇီလန်အသင်းမှာ နာမည်ကြီးကစားသမားတွေပါဝင်မှုမရှိပေမယ့် နယ်လ်ဆင်၊ လော့ချ်ဟတ်၊ ဘိုရန်းစ်၊ တင်ဘရောင်း၊ အဲလီယော့၊ မက်ဂလင်ဟေး၊ ကီလန်နဲ့ ဆမ်လက်ဇ်တို့တွဲဖက်ညီညီနဲ့ စည်းလုံးမှုအားကောင်းနေပါတယ်။ ဆလိုဗက်ကီးယားအသင်းကလည်း နည်းပြ ဗလာဒီမာဝိုစ်ရဲ့ဗျူဟာခင်းကျင်းမှု ကောင်းမွန်တာကြောင့် ခြေစစ်ပွဲတွေမှာ အထူးခြေစွမ်းပြသနိုင်ခဲ့တာကို တွေ့ရပါတယ်။ ဆလိုဗက်ကီးယားအသင်းက ဟန်ဆစ်မာတင်စကာတယ်၊ ဆာပါရာ၊ ဝှစ်၊ ဂျာကူကိုနဲ့ ဗစ်တက်ခ်တို့ ခြေစွမ်းပြလာဖွယ်ရာရှိနေတာကြောင့် ဆလိုဗက်ကီးယားအသင်း ပါးပါးလေးကပ်နိုင်သွားလိမ့်မယ်လို့ ယူဆရပါတယ်။

**အိုင်ဗရီကို့စ် - ပေါ်တူဂီ**
**၁၅-၆-၂၀၁၀၊ ည ၈း၃၀ နာရီ**

နည်းပြ ဆဗန်ဂိုရန်အဲရစ်ဆင် ကိုင်တွယ်နေတဲ့ အိုင်ဗရီကို့စ်အသင်းမှာ ဒရော့ဘာ၊ ကာလူး၊ ဂျာဗင်ဟို၊ ဇိုကိုရာ၊ ယာယာတိုရေး၊ ကိုလိုတိုရေး၊ ရိုမာရစ်၊ ဂရော့ဆို၊ တိုင်နီနဲ့ အီဘိုယေးတို့လို ကမ္ဘာ့အဆင့်အတန်းမီ ကစားသမားတွေရှိနေပါတယ်။ ပြိုင်ဘက်ပေါ်တူဂီအသင်းမှာလည်း ကမ္ဘာ့အကောင်းဆုံးကစားသမား စီရော်နယ်လ်ဒိုအပြင် ကာဗယ်ဟို၊ ဖာရဲရား၊ ဒေကို၊ မင်ဒက်စ်၊ တီယာဂို၊ နယ်လ်ဆင်မင်ဒဲလား၊ ဆီမာအိုနဲ့ ဒန်နီတို့ ရှိနေတာကြောင့် အိုင်ဗရီကို့စ်အသင်းကို ခြေရည်တူကစားလာဖို့ ရှိနေပါတယ်။ အိုင်ဗရီကို့စ် ခြေအနည်းငယ်သာနိုင်ပေမယ့် သရေကျဖို့ ရာနှုန်းများတဲ့ပွဲပါ။

**ဘရာဇီး - မြောက်ကိုရီးယား**
**၁၆-၆-၂၀၁၀၊ နံနက် ၁ နာရီ**

ကမ္ဘာ့အကောင်းဆုံး ဘရာဇီးအသင်းမှာ ဂိုမက်ဇ်၊ ဒိုနီ၊ ဂျူလီယိုဆီဇာတို့ အတွေ့အကြုံရင့်ကျက်ပြီး လူစီယို၊ အဲလ်ဗက်စ်၊ မိုင်ကွန်၊ အီလာနို၊ ကာကာ၊ ရော်ဘင်ဟို၊ ဂရာဖီတီ၊ ဖေဘီယာနိုနဲ့ နီလ်မာတို့လည်း ရှိနေပါသေးတယ်။ မြောက်ကိုရီးယားအသင်းမှာ ဂျောင်တေစီနဲ့ အန်ယောင်ဟက်တို့ လောက်သာ ရှိနေတာကြောင့် ဘရာဇီးကို ယှဉ်နိုင်ဖို့ ခက်ခဲမှာပါ။ ဒီပွဲမှာ ဘရာဇီးအသင်းက မြောက်ကိုရီးယားအသင်းကို အနိုင်ယူဖို့ အဆင်သင့်ဖြစ်နေပြီလို့ ဆိုချင်ပါတယ်။

# မုတ်သုံလေအားကောင်းမည်

နေပြည်တော် ဇွန် ၁၄

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော၂၄ နာရီအတွင်းက ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် ကချင်ပြည်နယ်နှင့်စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်၍မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်(သပြေကုန်း)တွင် သုည ဒသမ ၅၅ လက်မ၊ ကျောက်တော်မြို့တွင် ၅ ဒသမ ၅၅ လက်မ၊ သံတွဲမြို့တွင် ၄ ဒသမ ၅၇ လက်မ၊ ကသာမြို့တွင် ၄ ဒသမ ၄၅ လက်မ၊ အမ်းမြို့တွင် ၄ ဒသမ ၀၆ လက်မ၊ မောင်တောမြို့တွင် ၄ ဒသမ ၀၁ လက်မ၊ မြောက်ဦးမြို့တွင် ၃ ဒသမ ၉၄ လက်မ၊ ကျောက်ဖြူမြို့တွင် ၃ ဒသမ ၆၆ လက်မ၊ ရွှေကူမြို့တွင် ၃ ဒသမ ၄၃ လက်မ၊ မာန်အောင်မြို့တွင် ၂ ဒသမ ၂၄ လက်မ၊ ဟုမ္မလင်းမြို့တွင် ၂ ဒသမ ၁၂လက်မ၊ ဇလွန်မြို့တွင် ၂ ဒသမ ၀၉ လက်မနှင့် မင်းဘူးမြို့တွင် ၁ ဒသမ ၀၂လက်မ တို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေသည်။

**ဇွန် ၁၅ ရက် ညနေထိခန့်မှန်းချက်။** ။ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင်နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင်နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက် မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။အများအားဖြင့် မုတ်သုံလေအားကောင်းမည်။

**နေပြည်တော်**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

| | | |
|---|---|---|
| အမြင့်ဆုံးအပူချိန် (၃၂ ဒသမ ၅ ဒီဂရီစင်တီဂရိတ်) ၉၀ ဒီဂရီဖာရင်ဟိုက် | | ၁၃-၆-၂၀၁၀ |
| အနိမ့်ဆုံးအပူချိန် (၂၃ ဒသမ ၅ ဒီဂရီစင်တီဂရိတ်) ၇၄ ဒီဂရီဖာရင်ဟိုက် | | ၁၄-၆-၂၀၁၀ |
| ၉း၃၀ နာရီအချိန်စိုထိုင်းဆ ၇၉ ရာခိုင်နှုန်း | | ၁၄-၆-၂၀၁၀ |
| နေပူသည့်နာရီပေါင်း ၂ ဒသမ ၄ နာရီ | | ၁၃-၆-၂၀၁၀ |

**မိုးရေချိန်**

| ရက်စွဲ | မင်္ဂလာဒုံ | ကမ္ဘာအေး | ရန်ကုန်မြို့လယ် |
|---|---|---|---|
| ၁၄-၆-၂၀၁၀ | ၉မမ(သုညဒသမ၃၅လက်မ) | ၃၀မမ(၁ဒသမ၁၉လက်မ) | ၃၇မမ (၁ဒသမ၄၅လက်မ) |
| ၁-၁-၂၀၁၀ မှ ယနေ့အထိ | ၅၆၅ မမ(၂၂ဒသမ၂၄လက်မ) | ၆၁၁မမ(၂၄ဒသမ၀၆လက်မ) | ၅၉၆မမ(၂၃ဒသမ၄၆လက်မ) |

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၃-၆-၂၀၁၀ ရက် ၆း၃၀ နာရီအချိန်တွင် အနောက်တောင်ဘက်မှ တစ်နာရီ ခြောက်မိုင်နှုန်း တိုက်ခတ်သည်။

(15-6)11.pmd 1 6/15/2010, 2:41 AM

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

## နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် ဇွန် ၁၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားသည့်အဖွဲ့များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ အမျိုးသားဒီမိုကရေစီ အင်အားစု NATIONAL DEMOCRATIC FORCE အဖွဲ့သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၀ ခုနှစ် ဇွန် ၁၄ ရက်တွင် နိုင်ငံရေးပါတီအဖြစ် တည်ထောင်ခွင့် ပြုလိုက်သည်။

ယနေ့အထိ နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့် လျှောက်ထားသည့် ပါတီ(၄၂)ပါတီရှိပြီး နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားသည့် ပါတီ(၃၃)ပါတီအနက် ပါတီ(၃၂)ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့် ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့ရှိ ဂင်္ဂါမြစ်ဆိပ်တစ်နေရာကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

## ဂင်္ဂါမြစ်သန့်စင်ရေးအတွက် သုတေသနပြုမည်

နယူးဒေလီ ဇွန် ၁၄

**အိန္ဒိယနိုင်ငံတွင် ရေထုညစ်ညမ်းမှု ဆိုးဆိုးရွားရွားဖြစ်ပေါ်နေသော ဂင်္ဂါမြစ်သန့်စင်ရေးလုပ်ငန်းအတွက် သုတေသနပြုလုပ်ရာတွင် ပူးပေါင်းဆောင်ရွက်ကြရန် ယင်းနိုင်ငံရှိ ထိပ်တန်းနည်းပညာတက္ကသိုလ်ခုနစ်ခုမှ သိပ္ပံပညာရှင်များသဘောတူညီကြကြောင်း အထက်တန်းတာဝန်ရှိသူတစ်ဦးက ဇွန် ၁၄ ရက်တွင် ပြောကြားသည်။ အိန္ဒိယနိုင်ငံတွင် "အမျိုးသားမြစ်" (national river)အဖြစ် သတ်မှတ်ခံရသည့် ဂင်္ဂါမြစ်၏ နေရာအများအပြားတွင် ရေထုညစ်ညမ်းမှု ဖြစ်ပေါ်လျက်ရှိသည်။**

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

အင်တာနက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသတင်း

ဘာသာပြန် - ရေမောင်

| | | | | |
|---|---|---|---|---|
| **မှတ်သားဖွယ်ရာ မိုးရေချိန်များ** (၁၄-၆-၂၀၁၀) | နေပြည်တော်(သပြေကုန်း) | သုည | ဒသမ | ၅၅ လက်မ |
| | ကျောက်တော် | ၅ | ဒသမ | ၅၅ လက်မ |
| | သံတွဲ | ၄ | ဒသမ | ၅၇ လက်မ |